## COUNTRY WITH THE MOST CARS

The citizens of the United States own 145.2 million automobiles. That's about 31% of all the automobiles owned in the world. It means that for every two Americans there is one car. That figure doesn't even include all of the trucks, campers,and motorcycles in the country. Almost 90% of all U.S. residents have access to motor vehicles. With 17.8 million cars, California is the state with the most registered automobiles in the nation. Each year, U.S. drivers total about 4.3 trillion passenger miles (6.9 million passenger km) of travel and burn about 200 billion gallons (757 billion liters) of fuel. Americans also spend about 38 hours each year stuck in traffic.








## မော်တော်ကားအများဆုံးရှိသောနိုင်ငံ

အမေရိကန်နိုင်ငံသားတွေဟာ မော်တော်ကား ၁၄၅.၂ သန်းကိုပိုင်ဆိုင်ကြပါတယ်။ အဲဒါကတော့ တစ်ကမ္ဘာလုံးက ပိုင်ဆိုင်တဲ့ မော်တော်ကားတွေရဲ့ ၃၁% ခန့်ဖြစ်ပါတယ်။ အမေရိကန်လူမျိုး နှစ်ယောက်တိုင်း ... နှစ်ယောက်တိုင်းမှာ တစ်ယောက်ကကားတစ်စီးကိုပိုင်တယ်လို့ ဆိုလိုပါတယ်။ အဲဒီ ကိန်းဂဏန်းတွေထဲမှာ ထရပ်ကားကုန်တင်ယာဉ်တွေအားလုံး၊ အားလပ်ရက်အပျော်ခရီးသုံးကားကြီးတွေနဲ့ ကျေးလက်ဒေသနယ်တွေမှာသုံးတဲ့ မော်တော်ဆိုင်ကယ်တွေ မပါဝင်ကြပါဘူး။ အမေရိကန်ပြည်ထောင်စုမှာ အမြဲနေထိုင်တဲ့ ဒေသခံ ၉၀% အားလုံးနီးပါးလောက်ဟာ မော်တော်ယာဉ်တွေအတွက် ဝင်လမ်းတွေရှိတယ်။ မော်တော်ကားပေါင်း ၁၇.၈ သန်းရှိတဲ့ ကာလီဖိုးနီးယားဟာ တိုင်းပြည်အတွင်း မှတ်ပုံတင်ထားတဲ့ကား အများဆုံးရှိတဲ့ ပြည်နယ်ဖြစ်တယ်။ အမေရိကန်ယာဉ်မောင်းတွေဟာ နှစ်စဉ်နှစ်တိုင်းခရီးသည်တင်ပြီး စုစုပေါင်း ၄.၃ ထရီလီယံမိုင်ခန့် (ကီလိုမီတာ ၆.၉သန်း) မောင်းနှင်ကြပါတယ်၊ လောင်စာဆီဂါလံဘီလျံ ၂၀၀ (၇၅၇ ဘီလျံလီတာ) လောက်ကို အသုံးပြုကြပါတယ်။ အမေရိကန်တွေဟာ တစ်နှစ်တစ်နှစ်မှာ ၃၈ နာရီလောက်လမ်းပေါ်မှာ ယာဉ်သွားယာဉ်လာ လမ်းကြောင်းကျပ်ပြီး ပိတ်မိနေတတ်ကြပါတယ်။

(တစ်ထရီလီယံ = တစ်ဂဏန်းနောက်တွင် သုည(၁၂)လုံးပါသောအရေအတွက်)






www.burmeseclassic.com


www.burmeseclassic.com





## COUNTRY WITH THE MOST BICYCLES PER CAPITA

With an estimated 16.5 million bicycles in the country, the Netherlands has more bicycles per capita than any other nation. It averages out to about one bike for every person in the country. Many people around the world_especially those in crowded cities_have realized that bicycling is an easy way to get around and a great way to cut down on pollution. The Netherlands, in particular, is battling a major pollution problem, and it is one of the world's most densely populated nations.










## လူတစ်ဦးချင်းအလိုက် စက်ဘီးအများဆုံးရှိသောနိုင်ငံ

အကြမ်းဖျင်းခန့်မှန်းခြေအားဖြင့် စက်ဘီးပေါင်း ၁၆.၅ သန်း တိုင်းပြည်အတွင်းမှာရှိတဲ့အတွက် နယ်သာလဲင် နိုင်ငံဟာ အခြားဘယ်နိုင်ငံမဆိုထက် တစ်ဦးချင်းစက်ဘီးပိုင်ဆိုင်မှု ပိုမိုများပြားတဲ့နိုင်ငံ ဖြစ်ပါတယ်။ တိုင်းပြည်အတွင်း လူတစ်ယောက်စီတိုင်းမှာ စက်ဘီးတစ်စီးစီရှိပါတယ်လို့ ပျမ်းမျှအားဖြင့် တွက်ကြည့်လို့ရပါတယ်။ ကမ္ဘာတစ်ဝှမ်းလုံးမှာရှိတဲ့ လူတော်တော်များများ အထူးသဖြင့် လူနေပြည့်ကျပ်နေတဲ့ မြို့ကြီးတွေထဲမှာနေကြသူတွေ အနေနဲ့ စက်ဘီးစီးခြင်းဟာ ဟိုဟိုသည်သည်သွားလာဖို့ရန်အတွက် လွယ်ကူတဲ့နည်းလမ်း တစ်ခု ဖြစ်ကြောင်းနဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချဖို့အတွက် အလွန်ကြီးကျယ်ကောင်းမွန်တဲ့ နည်းလမ်းတစ်ခုဖြစ်ကြောင်း သိရှိသဘောပေါက်ကြပြီး ဖြစ်ပါတယ်။ အထူးသဖြင့် နယ်သာလဲင် နိုင်ငံဟာ ပတ်ဝန်းကျင်ညစ်ညမ်းမှု အဓိကပြဿနာတစ်ရပ်ကို အသေအလဲကြိုးစားရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ပြီးတော့ နယ်သာလဲင် နိုင်ငံဟာ လူဦးရေအများပြားဆုံး ကမ္ဘာ့နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S HIGHEST CITY

Wenchuan, China, sits 16,730 feet (5,103m) above the sea. That's 3.2 miles (5.2km) high, more than half the height of Mt. Everest. There are several ancient villages in the area with houses dating back hundreds of years. Located nearby is the Wolong Panda Preserve_one of the last places on Earth where the endangered bears are studied and bred. The city is part of the Sichuan Province, which is located in southwest China. The province covers 207,340 square miles (537,000 sq km) and has a population of 94.5 million.








## ကမ္ဘာ့အမြင့်ဆုံးနေရာတွင်ရှိသောမြို့ကြီး

တရုတ်နိုင်ငံမှ ဝဲင်ချန်မြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၆,၇၃၀ ပေ (၅,၁၀၃ မီတာ) အမြင့်မှာတည်ရှိပါတယ်။ (တစ်နည်းအားဖြင့်) ဧဝရက်တောင်ရဲ့ တစ်ဝက်ကျော်ကျော် ၃ • ၂ မိုင်(၅ • ၂ ကီလိုမီတာ) အမြင့်မှာရှိပါတယ်။ အဲဒီဒေသမှာ နှစ်ရာပေါင်းများစွာကတည်းက တည်ဆောက်နေထိုင်ခဲ့တဲ့ အိမ်တွေနဲ့အတူ ရှေးဟောင်းရွာတွေ တော်တော်များများရှိတယ်။ အနီးအနားမှာတော့ ... ဘေးသင့်နေတဲ့ ဝက်ဝံတွေကိုလေ့လာပြီး မျိုးပွားအောင်သားဖောက်မွေးမြူပေးနေတဲ့ ... ကမ္ဘာ့နောက်ဆုံးနေရာများအနက်တစ်ခုဖြစ်တဲ့ ဝူလောင်း ပန်ဒါဝက်ဝံဘေးမဲ့တောကြီးတည်ရှိတယ်။ အဲဒီမြို့ကြီးဟာ တရုတ်ပြည်အနောက်တောင်ပိုင်းမှာတည်ရှိတဲ့ စီချွမ်ပြည်နယ်ရဲ့ အစိတ်အပိုင်း (တစ်ခု) ဖြစ်ပါတယ်။ အဲဒီပြည်နယ်ကြီးဟာ စတုရန်းမိုင် ၂၀၇,၃၄၀ (၅၃၇,၀၀၀ စတုရန်းကီလိုမီတာ) ကျယ်ဝန်းပြီး လူဦးရေ ၉၄ • ၅ သန်း ရှိပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LONGEST SUSPENSION BRIDGE

This giant suspension bridge connects Maiko, Tarumi Ward, in Kobe City to Matsuho, Awaji Town. All together, the bridge spans the Akashi Strait for 2 miles (3219 m) in Tsuna County on the Japanese island of Awajishima. Built in 1998, the structure's main span is a record-breaking 6,529 feet (1,990 m) long with cables supporting the 100,000 ton (90,700 t) bridge below. Each cable is made up of 290 strands of wire. More than 186,000 miles (30,000 km) of wire was used for the project– enough to circle Earth 7.5 times! The main tower soars approximately 984 feet (300 m) into the air.








## ကမ္ဘာ့အရှည်ဆုံး ကြိုးတံတား

ဒီ ရေလမကြိုးတံတားကြီးဟာ ကိုဘီစီးတီး တာရူမိဝဒ် မေကိုကနေ အဝါဂျီတောင်း မတ်ဆုဟိုထိ ဆက်ပြီးခင်းထားတဲ့ တံတားကြီးဖြစ်တယ်။ အားလုံး စုစုပေါင်းဆိုရင် တံတားဟာ အာကတ်ရှိရေလက်ကြားကိုဖြတ်ပြီး ၂ မိုင် (၃၂၁၉ မီတာ) ရှိတယ်။ ဂျပန်ကျွန်း အဝါဂျီရှီးမားပေါ်ရှိ ဆူနာကောင်တီမှာပေါ့၊ ၁၉၉၈ ခုနှစ်မှာ တည်ဆောက်တယ်။ (တံတား) အဆောက်အအုံရဲ့ ပင်မတံတား ခန်းပွင့်က ၆,၅၂၉ ပေ (၁၉၉၀ မီတာ) ဖြစ်တယ်။ (အခြားတံတားတွေရဲ့) စံချိန်ကို ချိုးထားတဲ့အရှည်အလျားပါပဲ၊ အောက်မှာရှိတဲ့တံတားရဲ့ (အလေးချိန်) တန် ၁၀၀,၀၀၀ (၉၀, ၇၀၀ t)ကို ပင့်ဆွဲခံထားတဲ့ သံနန်းလွန်း ကေဘယ်ကြိုးတွေနဲ့ပေါ့။ ကေဘယ်ကြိုးတစ်ချောင်းစီကို ဝိုင်ယာကြိုးလွန်းအမျှင် ၂၉၀ နဲ့ ဖွဲ့စည်း ပြုလုပ်ထားတယ်။ ဒီစီမံကိန်းလုပ်ငန်းအတွက် ဝိုင်ယာကြိုး (အရှည်) ၁၈၆,၀၀၀ မိုင် (၃၀,၀၀၀ ကီလိုမီတာ) ကိုအသုံးပြုထားတယ်။ (ကြိုးတွေကိုသာ ဆက်လိုက်မယ်ဆိုရင်) ကမ္ဘာကို ၇.၅ ကြိမ်ပတ်လို့ရတယ်။ ပင်မတာဝါ မျှော်စင်ဟာ ၉၈၄ ပေ (၃၀၀ မီတာ)လောက် မိုးပေါ်သို့ ငွားငွားစွင့်စွင့်မြင့်တက်နေပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S HIGHEST SUSPENSION BRIDGE

The Royal Gorge Bridge–in Canon City, Colorado–spans the Arkansas River 1,053 feet (321 m) above the water. The bridge is 1,260 feet (384 m) long and 18 feet (5 m) wide. About 1,000 tons (907 t) of steel make up the bridge's floor, which can hold in excess of 2 million pounds (907,200 kg). The cables weigh about 300 tons (272 t) each. The bridge took just five months to complete in 1929 at a cost of $ 350,000.








## ကမ္ဘာ့အမြင့်ဆုံး ကြိုးတံတား

ရွိုင်ရယ်ဂေါ့ချ်တံတား (ရွိုင်ရယ်ဂေါ့ချ် ကိုလိုရာဒိုပြည်နယ် ကဲင်နွန်စီးတီးတွင် တည်ရှိသည်)ဟာ ရေပြင်အထက် ပေ ၁,၀၅၃ ပေ (၃၂၁ မီတာ) အမြင့်ကနေ အာကဲင်ဆပ်စ်မြစ်ကိုဖြတ်ပြီး ခင်းထားတဲ့တံတားဖြစ်ပါတယ်။ တံတားဟာ ၁,၂၆၀ ပေ (၃၈၄ မီတာ) ရှည်လျားပြီး ၁၈ ပေ (၅ မီတာ) ကျယ်ပါတယ်။ တံတားရဲ့ ကြမ်းခင်းကို သံမဏိ တန် ၁,၀၀၀ (၉၀၇ t) လောက်နဲ့ ဖွဲ့စည်းတည်ဆောက်ထားတယ်။ ပေါင် ၂ သန်း (၉၀၇,၂၀၀ ကီလိုဂရမ်) ကျော်ကျော်ကို ခံနိုင်တယ်။ သံနန်းလွန်းကေဘယ်ကြိုးတွေဟာ တစ်ခုစီကို တန် ၃၀၀ (၂၇၂ t)လောက်လေးတယ်။ ၁၉၂၉ ခုနှစ် မှာဆောက်လုပ်ခဲ့တဲ့ (အဲဒီ)တံတားဟာ အပြီးသတ်ဖို့ရန် ငါးလမျှသာ ကြာမြင့်ခဲ့တယ်။ ဒေါ်လာ ၃၅၀,၀၀၀ ကုန်ကျခဲ့ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S TALLEST HOTEL

The Burj Al Arab–or Tower of the Arabs–in Dubai, United Arab Emirates (UAE) towers an incredible 1,053 feet (321 m) above the ground. This makes it the world's tallest hotel, as well as the sixteenth-tallest building in the world. The hotel is shaped like a ship's billowing sail and is a part of the Jumeirah Beach resort. It was built in 1999 on a human-made island in the Arabian Gulf. Guests at the Burj Al Arab can enjoy 202 luxury suites. Kids staying at the hotel will enjoy the family pool with a beach and rock wall waterslide. Rooms in this amazing hotel start at around $ 1,000 per night.








## ကမ္ဘာ့အမြင့်ဆုံးဟိုတယ်

အာရပ်စော်ဘွားများပြည်ထောင်စု ဒူဘိုင်းမြို့တော်ရှိ ဘာ့ဂျ်အယ်လ်အာရပ် (အာရပ်တို့၏ မျှော်စင်)ခေါ်တဲ့ မိုးမျှော်ဟိုတယ်ကြီးဟာ မြေပြင်အထက် ၁,၀၅၃ ပေ (၃၂၁ မီတာ) အမြင့်ထိ ထူးထူးခြားခြားမြင့်မားပါတယ်။ အဲဒီအမြင့်က သူ့ကို ကမ္ဘာ့အမြင့်ဆုံး ဟိုတယ်အဖြစ်ကော၊ တစ်ဆယ့်ခြောက်ခုမြောက် ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံအဖြစ်ပါ စာရင်းဝင်သွားစေပါတယ်။ လေတိုက်လို့ ဖေါင်းထွက်နေတဲ့ ရွက်ရဲ့ပုံသဏ္ဍာန်မျိုးနဲ့ ... ဟိုတယ်ကို ဆောက်လုပ်ထားတယ်။ ပြီးတော့ အဲဒီ ဟိုတယ်ဟာ ဂျူမီးရိုးယားကမ်းခြေအပန်းဖြေစခန်းရဲ့ ကဏ္ဍတစ်စိတ်တစ်ဒေသလည်း ဖြစ်တယ်။ အာရပ်ပင်လယ်ကွေ့ရှိ လူတို့ဖန်တီးပြုလုပ်ထားတဲ့ ကျွန်းလေးတစ်ကျွန်းပေါ်မှာ အဲဒီဟိုတယ်ကို ၁၉၉၉ ခုနှစ်က တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဘာ့ဂျ်အယ်လ်အာရပ်သို့ လာရောက်တဲ့ ဧည့်သည်တော်တွေဟာ ဇိမ်ရှိရှိနေနိုင်တဲ့ ဧည့်ခန်းပါဟိုတယ်ခန်း ၂၀၂ ခန်းမှာ တည်းခိုခံစားနေထိုင်နိုင်ပါတယ်။ ဟိုတယ်မှာတည်းခိုတဲ့ကလေးတွေ၊ လူငယ်တွေကတော့ ရေအိုင်ကမ်းစပ်သောင်ပြင်နဲ့ ရေလျှောလျှောစီးတွေရှိတဲ့ မိသားစုရေကူးကန်မှာ သာယာကြည်နူး အရသာတွေ့နိုင်ပါတယ်။ အံ့ချီးဖွယ် ဒီဟိုတယ်ကြီးရဲ့ အခန်းတွေမှာ (တည်းခိုဖို့ကတော့အနည်းဆုံး) တစ်ည ဒေါ်လာတစ်ထောင် ဝန်းကျင်ကစပြီးရှိပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S TALLEST HABITABLE BUILDING

Each of these giant, identical skyscrapers is 1,483 feet (452 m) tall. They soar above the city of Kuala Lumpur in Malaysia and contain the headquarters for Petronas, the country's national petroleum company. The two 88-story towers are circular, with a 191-foot- (58-m) long sky bridge that connects them at the forty-first and forty-second floors. By elevator, it takes just 90 seconds to travel from the basement floor to the top of each tower. Together, the towers have 32,000 windows, taking window washers two months to completely wash both buildings. These giant buildings were created by American architect Cesar Pelli and completed in 1998 at a cost of $ 1.6 billion.








## ကမ္ဘာ့အမြင့်ဆုံးလူနေထိုင်သော အဆောက်အအုံ

တထေရာတည်းတူညီတဲ့ မိုးထိတိုက်ကြီးနှစ်ခုအနက် တစ်ခုစီဟာ ၁,၄၈၃ ပေ(၄၅၂ မီတာ) မြင့်ပါတယ်။ အဲဒီတိုက်ကြီးတွေဟာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်ကြီးအပေါ်မှာ ငွါးငွါးစွင့်စွင့်မြင့်ပြီးမိုးထိုးနေပါတယ်။ နိုင်ငံတော်ရဲ့ အမျိုးသားရေနံကုမ္ပဏီ ပီထရိုးနပ်စ်ရဲ့ဌာနချုပ်ဟာလည်း အဲဒီတိုက်မှာရှိတယ်။ အထပ် ၈၈ ထပ်ရှိ မိုးမျှော်တိုက်ကြီးနှစ်တိုက်က စက်ဝိုင်းပုံဖြစ်ပါတယ်။ (အလယ်ပိုင်း)အထပ် ၄၁ နဲ့ ၄၂ တို့ကို ဆက်သွယ်ထားတဲ့ ၁၉၁ ပေ (၅၈ မီတာ) ရှည် ကောင်းကင်တံတားတစ်ခုလည်းရှိတယ်။ ရွေ့လျား စက်လှေကား (ဓာတ်လှေကား)နဲ့ဆိုရင် မြေအောက်ခန်းကနေ မိုးမျှော်တိုက်တစ်ခုစီရဲ့ အပေါ်ဆုံးထပ်ထိသွားဖို့ စက္ကန့် (၉၀)ပဲကြာမြင့်တယ်။ မိုးထိတိုက်တွေမှာ ပြတင်းပေါက်စုစုပေါင်း ၃၂,၀၀၀ ရှိတယ်။ အဆောက်အအုံနှစ်ခုလုံးရဲ့ ပြတင်းပေါက်အားလုံး အပြီးအစီး သန့်ရှင်းဆေးကြောရေးလုပ်မယ်ဆိုရင် ဆေးကြောသန့်ရှင်းမယ့် လူတွေအတွက် နှစ်လတာကာလကြာမြင့်ပါတယ်။ ဒီရောမ ထူးထူးကဲကဲကြီးမားတဲ့အဆောက်အအုံကြီးတွေကို အမေရိကန်ဗိသုကာ ဆီဇာပယ်လီ က ဖန်တီးဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်မှာ လက်စသတ်ပြီးစီးပြီး အမေရိကန်ဒေါ်လာ ၁.၆ ဘီလျံကုန်ကျခဲ့ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## MOST– VISITED NATIONAL PARK

Each year about 9.2 million people travel to North Carolina and Tennessee to visit the Great Smoky Mountains. The national park is 800 square miles (2,072 sq km), of which about 95% is forested. While at the park, visitors can admire some of the area's many waterfalls while enjoying some 850 miles (1,368 km) of hiking trails and 550 miles (885 km) of horseback riding trails. Visitors may also see some of the park's 4,130 different plant and tree species or 300 bird and animal species.









## လူအများဆုံးလာရောက်လည်ပတ်သော အမျိုးသားဥယျာဉ်

တစ်နှစ်တစ်နှစ်မှာ လူပေါင်း ၉.၂ သန်းလောက်ဟာ ဂရိတ် စမုတ်ကီ မောင်တိန်းခေါ် အမျိုးသားဥယျာဉ်ကို သွားရောက်လည်ပတ်ဖို့အတွက် မြောက်ကာရိုလိုင်းနားနဲ့ တဲင်နက်စီကို သွားကြတယ်။ အမျိုးသားဥယျာဉ်ဟာ စတုရန်းမိုင် ၈၀၀ (၂,၀၇၂ စတုရန်းကီလို မီတာ) ကျယ်ဝန်းပြီး ၉၅%လောက်က သစ်တောတွေနဲ့ ဖုံးလွှမ်းနေပါတယ်။ အမျိုးသားဥယျာဉ်ကို ရောက်တုန်းရောက်ခိုက်မှာ လာရောက်လည်ပတ်သူတွေဟာ အချို့နေရာတွေမှာရှိတဲ့ များပြားလှတဲ့ ရေတံခွန်တွေကို နှစ်သက်သဘောကျရှုစားနိုင်ကြပါတယ်။ မိုင် ၈၅၀ (၁,၃၆၈ ကီလိုမီတာ) ရှည်လျားတဲ့ အပျော်ခြေကျင်ခရီး တောလမ်းတောင်လမ်းတွေ ... မိုင် ၅၅၀ (၈၈၅ ကီလိုမီတာ) ရှည်လျားတဲ့ မြင်းစီးခရီးသွားနိုင်တဲ့လမ်းတွေမှာလည်း ကြည့်နူးခံစားနိုင်ကြပါတယ်။ ဧည့်သည်တော်တွေဟာ ဥယျာဉ်ကြီးရဲ့ ကွဲပြားခြားနားတဲ့ပင်ကြီးပင်ငယ်၊ အပင်မျိုးစိတ်ပေါင်း ၄,၁၃၀ ဒါမှမဟုတ် ငှက်နဲ့ တိရစ္ဆာန်မျိုးစိတ်ပေါင်း ၃၀၀ ကိုလည်း တွေ့မြင်ရှုစားနိုင်ကြပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S MOST-VISITED AMUSEMENT PARK

In 2002, more than 17 million people visited Japan's Tokyo Disneyland. Adventureland features landscapes from around the world, while World Bazaar and Westernland focus on nineteenth-century America. Tomorrowland helps visitors explore the galaxy and learn about future technology. The park's Fantasyland is home to Cinderella Castle, but most of the other Disney characters live in Toontown.








## ကမ္ဘာ့လူအများဆုံး လာရောက်လည်ပတ်သော အပန်းဖြေဥယျာဉ်

၂၀၀၂ ခုနှစ်က . . . လူပေါင်း ၁၇ သန်းကျော်ကျော်ဟာ ဂျပန်နိုင်ငံရဲ့ တိုကျိုမြို့တော် **ဒစ်စနေလဲင်းအပန်းဖြေဥယျာဉ်သို့** လာရောက်လည်ပတ်ခဲ့ကြပါတယ်။ (အဲဒီအထဲမှာရှိတဲ့) **အက်ဗ်ဗဲန်း ချားလဲင်း**ကတော့ ကမ္ဘာတစ်ဝှမ်းမှ ရှုခင်းအလှတွေကို အသားပေးဖော်ပြလုပ်ဆောင်ထားတယ်။ **ကမ္ဘာ့ဈေးနဲ့ ဝက်စတဲင်းလဲင်း** ကတော့ ၁၉ ရာစုနှစ် အမေရိကအကြောင်းကို မီးမောင်းထိုးစူးစိုက် ပြသထားတယ်။ **တူမောရိုးလဲင်း**ကတော့ လာရောက်လည်ပတ်တဲ့ ဧည့်သည်တော်တွေ . . . အာကာသဟင်းလင်းပြင်ရှိ ကြယ်စုတွေနဲ့ အနာဂတ်အသုံးချနည်းပညာ၊ သိပ္ပံပညာတွေကို စူးစမ်းလေ့လာနိုင်ဖို့ အကူအညီပေးတယ်။ ဥယျာဉ်ကြီးရဲ့ **ဖဲင်တစီလဲင်း** ကတော့ စင်ဒရဲလား ရဲတိုက်ရှိတဲ့နေရာဒေသပါပဲ။ ဒါပေမဲ့ . . . အခြား ဒစ်စနေ ဇာတ်ကောင်အများစုကတော့ တွန်းတောင်းမှာ နေထိုင်ကြပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## AMUSEMENT PARK WITH THE MOST RIDES

Cedar Point in Sandusky, Ohio, has 68 rides for park goers to enjoy. The tallest, The Space Spiral, reaches 330 feet (100 m) into the sky and gives riders an amazing view. Another tall ride–the 300-foot (91.m) Power Tower–blasts riders up and down the towers at speeds of 55 miles (89 km) per hour. And with fifteen roller coasters, Cedar Point also has the most coasters of any theme park in the world. More than 44,500 feet (13,572 m) of coaster tarck–more than 6 miles (9.6 km) –run through the park. Cedar Point opened in 1870 and is the second–oldest amusement park in the country.








## အပျော်စီးချားရဟတ် အများဆုံးရှိသည့် အပန်းဖြေဥယျာဉ်

အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ် ဆဲန်ဒတ် စကီမှာရှိတဲ့ **စီဒါပွိုင့်** အပန်းဖြေဥယျာဉ်မှာ . . အပန်းဖြေလာသူတွေ ပျော်ပျော်ရွှင်ရွှင် ခံစားအသုံးပြုနိုင်ဖို့အတွက် အပျော်စီးချားရဟတ် ၆၈ခု ရှိတယ်။ မနားတမ်း ထိုးဆင်းထိုးတက်တဲ့ စပေ့စပိုင်ရယ်ဟာ ကောင်းကင်အမြင့် ၃၃၀ ပေ (၁၀၀ မီတာ)ထိရောက်တယ်။ စီးနင်းသူများ အနေနဲ့ ရင်သပ်ရှုမောဖွယ် အံ့စရာရှုခင်းကို တွေ့မြင်ခံစားစေပါတယ်။ အခြားမြင့်မားတဲ့ အပျော်စီးချားရဟတ်ကတော့ ပေ ၃၀၀ (၉၁ မီတာ) မြင့်တဲ့ ပါဝါတာဝါ ပါပဲ။ စီးနင်းသူများအတွက် (စုန်ချည် ဆန်ချည် . . မြင့်ချည်နိမ့်ချည် . . . နဲ့) တစ်နာရီကို ၅၅ မိုင် (၈၉ ကီလိုမီတာ)နှုန်း အရှိန်ပြင်းပြင်းနဲ့ ရွေ့လျားပေးပါတယ်။ ပြီးတော့ **စီဒါပွိုင့်** မှာ ရိုလာကိုစတာ (တစ်ဟုန်ထိုး ထိုးဆင်း၊ ထိုးတက်ပတ်ပြေးသော အပျော်စီးရထား) ၁၅ စီးရှိတဲ့ အတွက် . . ကမ္ဘာပေါ်ရှိ ဘယ်အပန်းဖြေဥယျာဉ်မဆိုထက် သည်းဖိုရထား အများဆုံးရှိတဲ့ အပန်းဖြေဥယျာဉ်လည်း ဖြစ်ပါတယ်။ ဥယျာဉ်ကိုဖြတ်ပြီး ကိုစတာပြေးလမ်း ၄၄,၅၀၀ ပေ (၁၃,၅၇၂ မီတာ) ကျော်ကျော်–၆ မိုင်၊ (၉.၆ ကီလိုမီတာ) ကျော်ကျော်–ကိုဖောက်လုပ်ထားတယ်။ **စီဒါပွိုင့်**ကို ၁၈၇၀ ခုနှစ်မှာ ဖွင့်လှစ်ခဲ့တယ်။ (အမေရိကန်) တိုင်းပြည်အတွင်း ဒုတိယသက်တမ်း အရင့်ဆုံး အပန်းဖြေဥယျာဉ်ဖြစ်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S TOP-GROSSING MOVIE

The blockbuster movie *Titanic* has grossed more than $600 million in the United States and more than $ 1.8 billion worldwide. Directed by James Cameron in 1998, this action-packed drama/ romance is set aboard the White Star Line's lavish RMS Titanic in 1912. The two main characters, wealthy Rose DeWitt Bukater and the poor immigrant, Jack Dawson–played by Kate Winslet and Leonardo DiCaprio–meet, fall in love, and are separated as the *Titanic* sinks into the North Atlantic on the morning of April 15, 1912.








## ကမ္ဘာ့ဝင်ငွေအကောင်းဆုံးရုပ်ရှင်ကားကြီး

ဝက်ဝက်ကွဲအောင် လူကြိုက်များတဲ့ "တိုင်တဲင်းနစ်" ရုပ်ရှင်ကားကြီး ဟာ အမေရိကန်ပြည်ထောင်စုမှာ ဒေါ်လာသန်း (၆၀၀)ကျော်နဲ့ ကမ္ဘာအနှံ့မှာ ဒေါ်လာ ၁ . ၈ ဘီလျံကျော်ကျော် ဝင်ငွေရရှိခဲ့ပါတယ်။ ၁၉၉၈ မှာ ဒါရိုက်တာ ဂျိမ်းစ်ကဲမရွန်း ကစီစဉ်ညွှန်ကြားပြီး ဒီသွက်လက်မြူးကြွတဲ့ ... ကြည်နူး ဆွတ်ပျံ့ဖွယ်ရာ အချစ်ဇာတ်လမ်းကို ... ၁၉၁၂ ခုနှစ်က ဝိုက်စတားလိုင်းမှ ခမ်းနားထည်ဝါတဲ့ တိုင်တဲင်းနစ် သင်္ဘောကြီးပေါ်မှာ ဇာတ်အိမ်တည်ခဲ့ပါတယ်။ အဓိကဇာတ်ကောင်နှစ်ဦးဖြစ်တဲ့ ချမ်းသာကြွယ်ဝတဲ့ သူဌေးမလေး ရို့စ် ဒီဝစ်ဘူကာတာ နဲ့ အခြားနိုင်ငံမှ အခြေစိုက်ဖို့ဝင်လာသူဆင်းရဲသားလေး ဂျက် ဒေါဆင် (ကိတ်ဝင်းစလက်နှင့် လီယိုနာဒို ဒီကပရီယိုတို့က သရုပ်ဆောင်သည်)တို့ တိုင်တဲင်းနစ်သင်္ဘောကြီးပေါ်မှာ တွေ့ကြ ဆုံကြ ချစ်ကျွမ်းဝင်ကြတယ်။ ပြီးတော့ ၁၉၁၂ ခုနှစ် ဧပြီလ ၁၅ ရက်နေ့ ... နံနက်မှာ မြောက်အတ္တလန္တိတ်သမုဒ္ဒရာထဲသို့ တိုင်တဲင်းနစ်သင်္ဘောကြီး နစ်မြုပ်သွားတဲ့အခါမှာတော့ ချစ်သူနှစ်ဦးကွဲကွာ ခွဲခွာခဲ့ကြရတဲ့ဇာတ်လမ်းကို ရိုက်ကူးထားတဲ့ ရုပ်ရှင်ကားဖြစ်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S TOP-GROSSING KIDS' MOVIE

In the 67 years since its debut, Walt Disney's *Snow White and the Seven Dwarfs* has earned an amazing $1.03 billion in box office receipts to date. (To compare the success of films throughout the decades, it is necessary to adjust for inflation.) More than 750 artists were used during the three-year production. *Snow White and the Seven Dwarfs* was the first-ever animated feature film, and it cost $ 1.4 million to make. Many of the songs in the movie, including "Some Day My Prince Will Come" and "Whistle While You Work," have become true American classics.








## ကမ္ဘာ့ဝင်ငွေအကောင်းဆုံးကလေးများအတွက်ရုပ်ရှင်

ပွဲဦးထွက်စတင်ပြသတဲ့အချိန်ကစပြီး (၆၇) နှစ်အတွင်း မှာ ဝေါ့ဒစ်စ်နေ ရဲ့ "**မနှင်းဖြူနဲ့ လူပုလေးခုနစ်ယောက်**" ဇာတ်ကားဟာ မယုံကြည် နိုင်စရာကောင်းလောက်အောင် ဝင်ငွေရရှိခဲ့ပါတယ်။ ဒီနေ့ထိ ... ရုပ်ရှင်ရုံ လက်မှတ်ရောင်းတဲ့နေရာမှာ လက်ခံရရှိငွေ ဒေါ်လာ ၁.၀၃ ဘီလီယံဖြစ်ပါတယ်။ (ဆယ်စုနှစ်တွေအတွင်း အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တွေနဲ့ နှိုင်းယှဉ်မယ် ဆိုရင်တော့ (ခေတ်အလျောက်ဖြစ်လာတဲ့) ငွေကြေးဖေါင်းပွမှုနဲ့ ညှိယူရန်လည်းလိုအပ် ပါတယ်)။ အဲဒီရုပ်ရှင်ကားကို ထုတ်လုပ်ဖို့ဆောင်ရွက်နေရတဲ့ သုံးနှစ်တာကာလ အတွင်းမှာ ပန်းချီအနုပညာရှင်ပေါင်း ၇၅၀ ကျော်ကျော်ကို အသုံးပြုခဲ့ရပါတယ်။ "**မနှင်းဖြူနှင့်လူပုလေးခုနစ်ယောက်**"ဟာ (ကာတွန်းရုပ်တွေကို) သက်ဝင် လှုပ်ရှားဟန်ပြုလုပ်ထားတဲ့ ပထမဦးဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ အဲဒီဇာတ်ကားဖြစ်ဖို့ ပြင်ဆင်စီစဉ်ရတာ ဒေါ်လာ ၁.၄ သန်းကုန်ကျပါတယ်။ ရုပ်ရှင်ထဲမှာပါတဲ့ "တစ်နေ့နေ့မှာကျွန်မရဲ့ မွေမင်းသားလေးပြန်လာမှာပါ..."နဲ့ "အလုပ်လုပ်စဉ်လေချွန်ပါ" အပါအဝင် သီချင်းတော်တော်များများဟာ အမေရိကန်ပြည်ထောင်စုရဲ့ တကယ့်အကောင်းဆုံး အထူးခြားဆုံး ဂန္ထဝင်တေးစု တွေဖြစ်လာပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## Movie with the Most Oscars

The only two films in Hollywood history to win 11 Academy Awards are *Ben-Hur* and *Titanic*. Ben-Hur—a Biblical epic that was released in 1959—is based on an 1880 novel by General Lew Wallace. The screen adaptation cost $15 million to produce, making *Ben-Hur* the most expensive film of its time. Charlton Heston who played the hero, won the only Oscar of his career for this movie. Some other Oscars included Best Picture, Best Supporting Actor (Hugh Griffith), and Best Score. Some of Titanic's wins included Best Picture, and Best Director (James Cameron).









## အော်စကာဆုအများဆုံးရရှိသောရုပ်ရှင်

ဟောလီးဝုဒ် သမိုင်းမှာ အကယ်ဒမီဆု ၁၁ ဆုရရှိတဲ့ ရုပ်ရှင် ဟာ ၂ ကားသာရှိပါတယ်။ ဘင်ဟားနဲ့ တိုင်တင်းနစ် တို့ဖြစ်ပါတယ်။ ဘင်ဟာ က သမ္မာကျမ်းစာလာ ရဲစိတ်ရဲမာန်နဲ့ သည်းထိတ်ရင်ဖို စွန့်စားခန်းတွေပါတဲ့ မော်ကွန်းမှတ်တမ်းတစ်ခုဖြစ်ပါတယ်။ ၁၉၅၉ခုနှစ်မှာ ဖြန့်ချိတဲ့ အဲဒီရုပ်ရှင်ဟာ ၁၈၈၀ခုနှစ်က ဂျင်နရယ်လျူး ဝေါလေ့စ် ရေးတဲ့ ဝတ္ထုပေါ် အခြေခံပြီး ရိုက်ကူးတာပါ။ အဲဒီခေတ်အဲဒီအခါက ကုန်ကျ စရိတ်အများဆုံးဖြစ်တဲ့ ဘင်ဟာ ရုပ်ရှင်ကို ထုတ်လုပ်ဖို့အတွက် ရုပ်ရှင်ရိုက်ရန် (ဇာတ်လမ်းနဲ့ ဆီလျော်ရန်) ပြင်ဆင်ရတာ ဒေါ်လာ (၁၅)သန်း ကုန်ကျပါတယ်။ ဒီဇာတ်ကားမှာ ဇာတ်လိုက်အဖြစ်သရုပ်ဆောင်တဲ့ ချာလတန်ဟက်စတန်ဟာ အော်စကာဆုကို ရရှိခဲ့ပါတယ်။ အဲဒီဆုဟာ သူ့ရုပ်ရှင်ရိုက်သက်တမ်းတစ်လျှောက်လုံးမှာ ရရှိတဲ့တစ်ခုတည်းသော အော်စကာဆုပါပဲ။ အကောင်းဆုံး ရုပ်ရှင်ကား၊ အကောင်းဆုံးဇာတ်ရံဆု (ဟပ်ဂ်ဂရစ်ဖစ်သ်)၊ အကောင်းဆုံးတေးဂီတဆုတွေ အပါအဝင် အခြားအော်စကာဆုတွေလည်း ရရှိပါတယ်။ တိုင်တင်းနစ် ကရတဲ့ အချို့ဆုတွေကတော့ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုနဲ့ အကောင်းဆုံး ဒါရိုက်တာဆု (ဂျိမ်းစ်ကင်မရွန်း)တို့လည်း ပါဝင်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## Country That Makes the Most Movies

Filmmakers in India produce an average of 855 movies annually. With that availability, it's not surprising that movies have replaced theater as the favorite national pastime of India. Bombay (Mumbai) has earned the nickname "Bollywood," for its Hollywood- like productions. But many Indian movies also enjoy a worldwide audience. In 2002, *Lagaan* became the third Indian movie ever to be nominated for an Academy Award for Best Foreign Film. *Monsoon Wedding*, by New York-based Indian director Mira Nair, was also a hit with U.S. audiences in 2001 and received a Golden Globe nomination.








## ရုပ်ရှင်လုပ်ငန်းအများဆုံးပြုလုပ်သောတိုင်းပြည်

အိန္ဒိယပြည်မှ ရုပ်ရှင်ရိုက်ကူးသူတွေဟာ နှစ်စဉ်ပျမ်းမျှ ရုပ်ရှင် ၈၅၅ ကားလောက်ထုတ်လုပ်ကြပါတယ်။ အဲဒီလို ထုတ်လုပ်ရရှိနိုင် နေတော့ အိန္ဒိယနိုင်ငံမှာ ရုပ်ရှင်က ဇာတ်သဘင်ကိုအစားထိုးဝင်ရောက်ပြီး တစ်မျိုးသားလုံးရဲ့ ဝါသနာဖြစ်သွားတာဟာ အံ့သြဖွယ်ရာတော့ မဟုတ်ပါဘူး။ ဘုံဘေ (မမ်ဘိုင်း) ဟာ သူ့ရဲ့ ဟောလီးဝုဒ်နဲ့တူတဲ့ ထုတ်လုပ်မှုတွေကြောင့် "ဘောလီးဝုဒ်" ဆိုတဲ့ အမည်ဝှက်ကို တောင်ရရှိနေပါပြီ။ ဒါပေမဲ့ အိန္ဒိယရုပ်ရှင်ကား တော်တော်များများဟာ ကမ္ဘာအနှံ့မှာရှိတဲ့ ပရိသတ်ကို အရသာတွေ့နှစ်ခြိုက်စေတယ်။ ၂၀၀၂ ခုနှစ်က လာဂန်း ဆိုတဲ့ ရုပ်ရှင်ဟာ အကောင်းဆုံးနိုင်ငံခြားကားများအတွက် အကယ်ဒမီဆုအတွက် အမည်စာရင်း တင်သွင်းသတ်မှတ်ခြင်းခံရတဲ့ တတိယမြောက် အိန္ဒိယရုပ်ရှင်ကားတစ်ကား ဖြစ်ခဲ့ပါတယ်။ ဒါရိုက်တာ မီရာနာယား ရိုက်ကူးတဲ့ နယူးယောက်အခြေခံ "မုတ်သုံ မင်္ဂလာ" ဆိုတဲ့ ရုပ်ရှင်ကားဟာလည်း အမေရိကန်ပရိသတ်အသည်းစွဲ နှစ်ခြိုက်ခြင်းခံရပြီး ၂၀၀၁ ခုနှစ်က ရွှေကမ္ဘာလုံးဆုအတွက် သတ်မှတ်အမည်တင်သွင်းခံရမှုကို ရရှိခဲ့ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## World's Longest-Running Broadway Show

Since its debut, the cast of the Broadway hit *Cats* performed 7,485 shows. That means they averaged one show each day for almost 19 years! The show began at The New London Theater in England in May 1981 and later opened at the Winter Garden on Broadway in October 1982. This tale about the "jellicle cats" had 2,500 props built into its set and used more than 100 props on stage. There were about 250 different costumes and more than 35 wigs made from yak hair. The show has been seen by more than 50 million people worldwide and has grossed more than $2 billion. *Cats* closed in September 2000.








## ကမ္ဘာ့အရှည်ကြာဆုံး တင်ဆက်ရသည့်ပွဲဆက်အဗျားဆုံး ဘရော့ဒ်ဝေး ဖျော်ဖြေပွဲ

ပွဲဦးထွက် စတင်ဖျော်ဖြေတဲ့အချိန်ကစပြီး ဘရော့ဒ်ဝေး ပရိသတ်အသည်းစွဲ "ကြောင်များ"ဆိုတဲ့ ဖျော်ဖြေတင်ဆက်မှုမှာ ပါဝင်သူ သရုပ်ဆောင်အားလုံး ပွဲပေါင်း ၇၄၈၅ ပွဲတင်ဆက်ကပြခဲ့ကြရပါတယ်။ အဲဒီပွဲစဉ်တွေကို တစ်နေ့တစ်ပွဲနှုန်းနဲ့ ပျမ်းမျှတွက်ကြည့်ရင် ၁၉ နှစ်ကြာမြင့်ပါတယ်။ တင်ဆက်မှုကို ၁၉၈၁ခု မေလက အင်္ဂလန်နိုင်ငံ နယူးလန်ဒန် ကဇာတ်ရုံမှာ စတင်ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်း ၁၉၈၂ ခု အောက်တိုဘာလကစပြီး ဘရော့ဒ်ဝေးရှိ ဝင်းတားဂါးဒင်းမှာ ဖွင့်လှစ် တင်ဆက်ခဲ့ပါတယ်။ "ဂျယ်လီကယ်ကြောင်များ"ဆိုတဲ့ ဇာတ်လမ်းမှာ ဇာတ်ဝင်ပစ္စည်းအသုံးအဆောင် ၂၅၀၀ နဲ့ တည်ဆောက်တင်ဆက်ပါတယ်။ ဇာတ်ခုံပေါ်မှာတင် ဇာတ်ဝင်ပစ္စည်း ၁၀၀ ကျော်ကို အသုံးပြုပါတယ်။ ဝတ်စုံပုံစံအမျိုးမျိုး ၂၅၀ လောက်ရယ်၊ တိဗက်နွားမွေးနဲ့ ပြုလုပ်ထားတဲ့ ဆံပင်တု ၃၅ ခု ကျော်ကျော်လည်းရှိတယ်။ အဲဒီတင်ဆက်မှုကို ကမ္ဘာအနှံ့ လူသန်း ၅၀ ကျော်ကကြည့်ရှုအားပေးခဲ့ကြတယ်။ စုစုပေါင်းငွေ ဒေါ်လာ ၂ ဘီလျံ ကျော်ကျော်ရရှိခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလမှာ တင်ဆက်မှု အစီအစဉ် ပြီးဆုံးခဲ့ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LARGEST MALL

The West Edmonton Mall–located in Alberta, Canada–occupies a total of 5.3 million square feet (.47 million sq m). This giant shopping and entertainment complex features more than 800 stores and restaurants. In addition to stores and eateries, the West Edmonton Mall also houses the world's largest indoor amusement park, the world's largest indoor lake with four working submarines, World Waterpark with the world's largest wave pool, Sea Life Caverns, an NHL-size ice arena, 26 movie theaters, dolphin shows, a casino, and a miniature golf course.








## အမိုးမိုးထားသော ကမ္ဘာ့အကြီးဆုံး ဈေးဆိုင်တန်း

ကနေဒါနိုင်ငံ အယ်လ်ဘာတာရှိ ဝက်စ်အက်ဒ်မန်တန် (အမိုးမိုးထားတဲ့) ဈေးဆိုင်တန်းဟာ စုစုပေါင်းစတုရန်းပေ ၅.၃ သန်း (စတုရန်း မီတာ .၄၇ သန်း) နေရာယူထားပါတယ်။ ဒီ ရောမဈေးဝယ်ဖို့နဲ့ ဖျော်ဖြေမှုအစီအစဉ်တွေ ဆက်စပ်ပါဝင်တဲ့ နေရာကြီးမှာစတိုးဆိုင်တွေနဲ့ စားသောက်ဆိုင် ၈၀၀ ကျော် ပါဝင်တယ်။ စတိုးဆိုင်တွေ၊ စားသောက်ဆိုင်တွေအပြင် ... ဝက်စ်အက်ဒ်မန်တန် ဈေးဆိုင်တန်းမှာ ကမ္ဘာ့အကြီးဆုံး မိုးလုံလေလုံအပန်းဖြေဥယျာဉ်ကြီး ...၊ တကယ်မောင်းလို့ရတဲ့ ရေငုပ်သင်္ဘောလေးစင်းနဲ့အတူ ကမ္ဘာ့အကြီးဆုံး မိုးလုံလေလုံကန်ကြီး ...၊ ကမ္ဘာ့အကြီးဆုံးအိုင်ကြီး အပါအဝင် ကမ္ဘာ့အကြီးဆုံး ရေနန်းအပန်းဖြေ ရေဥယျာဉ်ကြီး ...။ ရေအောက်လှိုဏ်ဂူကြီးတွေ၊ ဟော်ကီကွင်း အရွယ်အစား ရေခဲအားကစားကွင်း၊ ရုပ်ရှင်ရုံ ၂၆ ရုံ ...၊ လင်းပိုင်ပြပွဲတွေ၊ ကာစီနိုကစားရုံတစ်ခုနဲ့ အသေးစားဂေါက်ကွင်းတစ်ခုတို့လည်း ပါဝင်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## MOST VALUABLE AUCTIONED PAINTING

The Portrait of Dr. Gachet, an oil painting by Dutch Impressionist Vincent van Gogh, was sold to Ryoei Saito at a Christie's auction in 1990 for $ 82.5 million. Soon after the painting was purchased, it was locked away in a special vault for safekeeping. However, since Saito's death in 1996, the painting's location has remained a mystery. The painting's subject, Dr. Gachet, lived from 1828 to 1909 and specialized in homeopathy. The doctor loved the arts and supported several famous artists. In May of 1890, Gachet invited van Gogh to stay with him at Auvers-sur-Oise in France. There, van Gogh painted 70 canvases in just 70 days.








## လေလံဆွဲဝယ်ယူသည့် တန်ဖိုးအကြီးဆုံး ပန်းချီကား ဒေါက်တာဂါချက်၏ပုံတူပန်းချီ

ဒေါက်တာဂါချက်ရဲ့ ပုံတူပန်းချီကားဟာ (စိတ်မှာဖြစ်ပေါ်ခံစားမှုကို အသေးစိတ်မခြယ်မှုန်းဘဲ . . . ဆေးရောင်နဲ့ အလင်းအမှောင် အလင်းရောင်တို့နဲ့ ပန်းချီရေးခြယ်သူ) အင်ပရက်စ်ရှင်း နစ်စ် ဒတ်ချ်လူမျိုးပန်းချီဆရာ ဗင်းဆဲင့်ဗဲင်ဂိုး ရေးဆွဲခဲ့တဲ့ဆီဆေး ပန်းချီကားတစ်ချပ်ဖြစ်ပါတယ်။ အဲဒီပန်းချီကားကို ၁၉၉၀ ပြည့်နှစ် ခရစ်စတီးလေလံပွဲမှာ ရှိုင်ယိုအီဆိုင်တိုသို့ ဒေါ်လာ ၈၂ . ၅ သန်းနဲ့ ရောင်းချခဲ့ပါတယ်။ အဲဒီပန်းချီကားကိုဝယ်ယူပြီး မကြာခင်မှာ . . . လုံခြုံရေးအတွက် အထူးစီစဉ်ထားတဲ့ မြေတိုက်ခန်းထဲမှာ သော့ခတ်သိမ်းဆည်းထားလိုက်ပါတယ်။ ဒါပေမဲ့ ၁၉၉၆ ခုနှစ် . . . ဆိုင်တို သေဆုံးသွားပြီးကတည်းက အဲဒီပန်းချီကား ဘယ်မှာရှိတယ်ဆိုတဲ့တည်နေရာကို မသိရှိကြရတော့ပါဘူး။ ပန်းချီကားမှာ ဖော်ပြထားတဲ့ ပုဂ္ဂိုလ် ဒေါက်တာဂါချက်ဟာ ၁၈၂၈ ခုမှ ၁၉၀၉ ထိ အသက်ရှင်နေထိုင်သွားခဲ့ပါတယ်။ သူဟာ ဓာတ်ကြမ်းတိုက်ကုစားနည်းကို အထူးပြုလေ့လာခဲ့သူဖြစ်ပါတယ်။ အဲဒီ ဆရာဝန်ကြီးဟာ အနုပညာကို မြတ်နိုးတယ်။ နာမည်ကျော် အနုပညာရှင်တော်တော်များများကို အားပေးချီးမြှင့်ထောက်ပံ့ခဲ့တယ်။ ၁၈၉၀ ပြည့်နှစ်မေလမှာ ဂါချက်က ဗဲင်ဂိုးကို ပြင်သစ်နိုင်ငံ အော်ဗားဆားအွိုက်စ်မှာ သူနဲ့အတူလာနေဖို့ ဖိတ်ခေါ်ခဲ့တယ်။ အဲဒီမှာ ဗဲင်ဂိုးဟာ ရက်ပေါင်း ၇၀ အတွင်း ဆီဆေးပန်းချီကား (၇၀)ကို ရေးဆွဲခဲ့ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S MOST EXPENSIVE PAINTING BY A WOMAN ARTIST

On May 11, 1988 Mary Cassatt's oil painting *The Conversation* sold for $ 4.1 million at a Christie's auction and is now part of a private collection. Similar to *The Conversation*, the majority of Cassatt's paintings and pastel sketches feature women and children participating in everyday activities. Cassatt studied at the Pennsylvania Academy of Fine Arts before studying art in Europe in 1865. After settling in Paris, she began to work with acclaimed Impressionists Edouard Manet and Edgar Degas. Cassatt was greatly influenced by both their subjects and their techniques.








## အမျိုးသမီးပန်းချီအနုပညာရှင်တစ်ဦးရေးဆွဲသည့် ကမ္ဘာ့ဈေးအကြီးဆုံးပန်းချီကား

**စကားစမြည်ပြောဆိုခြင်း** ဆိုတဲ့ ဆီဆေးပန်းချီကားကို အမျိုးသမီးပန်းချီအနုပညာရှင် **မေရီကက်ဆက်**က ရေးဆွဲခဲ့ပါတယ်။ အဲဒီပန်းချီကားကို ၁၉၈၈ ခု မေလ (၁၁)ရက် ခရစ်စတီးလေလံပွဲ တစ်ခုမှာ ဒေါ်လာ ၄ . ၁ သန်းနဲ့ ရောင်းချခဲ့ပါတယ်။ အခုဆိုရင် ပုဂ္ဂလိက ပန်းချီကားစုဆောင်းသူတစ်ဦးရဲ့ ပန်းချီကားများအနက်တစ်ခုအဖြစ် တည်ရှိနေပါပြီ။ "**စကားစမြည်ပြောဆိုခြင်း**" ဆိုတဲ့ ပန်းချီကားနဲ့ အလားတူပါပဲ ... **ကက်ဆက်** ရဲ့ပန်းချီကားအများစုနဲ့ ရောင်စုံမြေဖြူနဲ့ ဆွဲတဲ့ပုံကြမ်းတွေဟာ ... နေ့စဉ်လုပ်ဆောင်မှုလုပ် ဖွယ်ရာတွေမှာ ပါဝင်ဆောင်ရွက်လုပ်ကိုင်နေကြတဲ့ မိန်းမသားတွေ ကလေးငယ်လေးတွေကို အသားပေးရေးဆွဲထားတာဖြစ်ပါတယ်။ **ကက်ဆက်** ဟာ ၁၈၆၅ခုနှစ် ဥရောပမှာ ပန်းချီအနုပညာတွေ သွားရောက်မလေ့လာမီက **ပင်စီဗေးနီးယား** အနုပညာတက္ကသိုလ်မှာ ပညာရှာမှီးခဲ့ပါတယ်။ ပဲရစ်မြို့မှာ အခြေချပြီးနောက်ပိုင်းမှာတော့ တခဲနက် ချီးကျူးဂုဏ်ပြုခံရတဲ့ **အင်ပရက်ရှင်းနစ်** ပန်းချီဆရာတွေဖြစ်တဲ့ **အဒိုးဝပ် မာနက်** နဲ့ **အက်ဂါဒီဂက်စ်** တို့နဲ့စတင်ပြီး အလုပ်လုပ်ကိုင်ပါတယ်။ **ကက်ဆက်**ဟာအဲဒီပန်းချီဆရာနှစ်ဦးလုံးရဲ့ အကြောင်းအရာပိုင်းဆိုင်ရာရော.. နည်းပညာပိုင်းဆိုင်ရာမှာပါ ... အလွန်အမင်း ဩဇာလွှမ်းမိုးမှုခံခဲ့ရပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## Country with the Most World Cup Points

Brazil has accumulated 30 points in World cup championships. (A win is worth four points, runner-up is worth three points, third place is worth two points, and fourth place is worth one point.) In Brazil, soccer is both the national sport and the national pastime. Many Brazilian superstar players are even considered national heroes. The World Cup was organized by the Federation Internationale de Football Association (FIFA) and is played every four years. This international competition was first played in 1930. Both professional and amateur players are allowed to compete.







## ကမ္ဘာ့ဖလားတံခွန်စိုက်ပြိုင်ပွဲတွင် အမှတ်အများဆုံးရသော နိုင်ငံ

ဘရာဇီးနိုင်ငံဟာ ကမ္ဘာ့ဖလားတံခွန်စိုက်ပြိုင်ပွဲမှာ စုစုပေါင်းအမှတ် (၃၀)ရရှိပြီးဖြစ်ပါတယ်။ (အနိုင်ရ . . . အောင်ပွဲခံတဲ့အသင်းက (၄)မှတ်၊ ဒုတိယရတဲ့အသင်းက (၃)မှတ်၊ တတိယရတဲ့အသင်းက (၂)မှတ်၊ စတုတ္ထရတဲ့ အသင်းက (၁)မှတ်)။ ဘရာဇီးနိုင်ငံမှာဆိုရင် ဘောလုံးကစားခြင်းဟာ အမျိုးသားအားကစားဖြစ်သလို တစ်မျိုးသားလုံးရဲ့ဝါသနာလည်း ဖြစ်ပါတယ်။ များစွာသောဘရာဇီးလူမျိုးအားကစားအကျော်အမော်တွေကို အမျိုးသားသူရဲကောင်းတွေအဖြစ်တောင်မှ သတ်မှတ်ယူဆကြပါတယ်။ ကမ္ဘာ့ဖလားကို အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖါ)က စီစဉ်တာဖြစ်ပြီး လေးနှစ်တစ်ကြိမ် ယှဉ်ပြိုင်ကစားကြပါတယ်။ ဒီ . . . အပြည်ပြည်ဆိုင်ရာ ဖိုလ်လုပွဲကို ၁၉၃၀ ခုနှစ်က ပထမဦးဆုံး စတင်ကစားခဲ့တာဖြစ်ပါတယ်။ ကြေးစားအားကစားသမားတွေရော . . . အပျော်တမ်းအားကစားသမားတွေကိုပါ ယှဉ်ပြိုင်ကစားခွင့်ပြုပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## Countries with the Most Soccer Gold Medals

Both Great Britain and Hungary have each won Olympic gold medals in men's soccer a record three times. Hungary won the competition in 1952, 1964, and 1968. Great Britain triumphed in the 1900, 1908, and 1912 Olympics. In 1920, Great Britain pulled out of the competition to protest profesional athletes competing in Olympic soccer, but the country rejoined in 1946. Since then, European teams have dominated the competition, and soccer remains the most popular sport throughout Europe. Soccer was first included in the 1900 and 1904 games on a trial basis, but official Olympic soccer competition began in 1908.







## ကမ္ဘာ့ဖလားတံခွန်စိုက်ပြိုင်ပွဲ(ဘောလုံး) ရွှေတံဆိပ်အများဆုံး ရသောနိုင်ငံများ

ဂရိတ်ဗြိတိန်နဲ့ ဟန်ဂေရီနိုင်ငံ နှစ်နိုင်ငံလုံး–အမျိုးသား ဘောလုံးပြိုင်ပွဲ အိုလံပစ် ရွှေတံဆိပ်သုံးကြိမ်ရရှိတဲ့ စံချိန်ကိုပိုင်ဆိုင်ထားပါတယ်။ ဟန်ဂေရီနိုင်ငံက ပြိုင်ပွဲကို ၁၉၅၂–၁၉၆၄ နဲ့ ၁၉၆၈ ခုနှစ်တွေမှာ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဂရိတ်ဗြိတိန်နိုင်ငံကတော့ ၁၉၀၀ ပြည့်၊ ၁၉၀၈ ခုနှစ် နဲ့ ၁၉၁၂ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲတွေမှာ အောင်ပွဲခံခဲ့တာဖြစ်ပါတယ်။ ၁၉၂၀ ခုနှစ် မှာတော့ ... အိုလံပစ်ဘောလုံးပြိုင်ပွဲမှာ ကြေးစားအားကစားသမားတွေ ဝင်ရောက်ယှဉ်ပြိုင်တာကို ကန့်ကွက်တဲ့အနေနဲ့ ဂရိတ်ဗြိတိန်က ပြိုင်ပွဲကနေ နုတ်ထွက်ခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၄၆ ခုနှစ်မှာ တိုင်းပြည်က ပြန်လည်ဝင်ရောက် (ယှဉ်ပြိုင်)ခဲ့ပါတယ်။ အဲဒီ အချိန်ကတည်းက ဥရောပအသင်းတွေဟာ ပြိုင်ပွဲကို ကြီးစိုး ချုပ်ကိုင်ခဲ့ပါတယ်။ ပြီးတော့ဘောလုံးဟာ လူကြိုက်အများဆုံး အားကစားအဖြစ် ဥရောပတစ်ခွင်မှာ ဆက်လက်တည်ရှိခဲ့ပါတယ်။ ဘောလုံးပြိုင်ပွဲ ကို ပထမဦးဆုံး ၁၉၀၀ နဲ့ ၁၉၀၄ ခု ကစားပွဲတွေမှာအခြေခံစမ်းသပ်မှု အဆင့် အနေနဲ့ ထည့်သွင်းပါဝင်စေခဲ့ပါတယ်။ ဒါပေမဲ့- တရားဝင်အိုလံပစ်ဘောလုံး အားကစားပွဲကိုတော့ ၁၉၀၈ ခုနှစ်ကမှ စတင်ခဲ့တာဖြစ်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



## Man with the Most World Cup Goals

Gerd Müller, a striker for West Germany, scored a total of 14 goals in the 1970 and 1974 World Cups. During his impressive soccer career, Müller competed in many other international championships and earned several awards. Müller received the Golden Boot Award (European Top Scorer) in 1970 and 1972, and the European Footballer of the Year Award in 1970. In 1970, he was also the European Championship Top Scorer and was later part of the winning European Championship team in 1972.








## ကမ္ဘာ့ဖလားဘောလုံးတံခွန်စိုက်ပြိုင်ပွဲမှာဂိုးအများဆုံးသွင်းသူ

အနောက်ဂျာမနီနိုင်ငံမှ ရှေ့တန်းတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဂတ် မျူလာဟာ ၁၉၇၀ နဲ့ ၁၉၇၄ ကမ္ဘာ့ဖလားပွဲတွေမှာ စုစုပေါင်းဂိုး ၁၄ ဂိုးသွင်းခဲ့ပါတယ်။ အထူးစွဲမက်ဖွယ်ကောင်းတဲ့ သူ့ရဲ့ဘောလုံးသက်တမ်း တစ်လျှောက်(အတွင်း)မှာ မျူလာဟာ အခြားအပြည်ပြည်ဆိုင်ရာ တံခွန်စိုက်ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတွေအမြောက်အမြားရရှိခဲ့တယ်။ ၁၉၇၀ နဲ့ ၁၉၇၂ ခုနှစ်တွေမှာ မျူလာဟာ ရွှေဖိနပ်(ဥရောပပြိုင်ပွဲများတွင် ဂိုးအများဆုံးသွင်းသူ)ဆုကို ရရှိခဲ့ပါတယ်။ ပြီးတော့ တစ်နှစ်တာ ဥရောပအကောင်းဆုံးဘောလုံးသမားဆုကိုလည်း ၁၉၇၀ ခုနှစ်မှာရရှိခဲ့ပါတယ်။ ၁၉၇၀ ခုနှစ်မှာ သူဟာ ဥရောပတံခွန်စိုက်ပြိုင်ပွဲ အကောင်းဆုံး ဂိုးသွင်းသူလည်းဖြစ်လာခဲ့ပါတယ်။ နောက်ပိုင်း ... ၁၉၇၂ ခုနှစ်မှာ အနိုင်ရ ဥရောပတံခွန်စိုက်ဆုရအသင်းရဲ့ အသင်းသားတစ်ဦး ဖြစ်လာခဲ့ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## Athlete with the Highest High Jump (Charles Austin)

At the 1996 Summer Games in Atlanta, Georgia, 6-foot-tall (2 m) Charles Austin sailed over a pole set at 2.3 meters (8 ft) above the ground to win a gold medal and a place in the record books. That same year, Austin was ranked number one in the world and also placed first at the Olympic Trials. This three-time Olympian has won the the U.S. Outdoor Championship six times, and the World Championship, the Indoor World Championship, and the World Cup Championship one time each.









## အမြင့်ဆုံးခုန်နိုင်တဲ့အားကစားသမား (ချားလ်စ်အော်စတင်)

၁၉၉၆ခု ဂျော်ဂျီယာနိုင်ငံ အတ်တလန်တာ နွေရာသီအိုလံပစ် အားကစားပြိုင်ပွဲမှာ အရပ် ၆ ပေ (၂ မီတာ)မြင့်တဲ့ ချားလ်စ် အော်စတင် ဟာ တုတ်ထောက်ခုန်ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုတစ်ခုကို ဆွတ်ခူးရရှိခဲ့ပါတယ်။ မြေပြင်အထက် ၂.၃ မီတာ(၈-ပေ)အမြင့်ကို တုတ်ထောက်ပြီး ခုန်ပျံ ကျော်လွှားခဲ့တာဖြစ်ပါတယ်။ (ကမ္ဘာ့)စံချိန်မှတ်တမ်း စာအုပ်တွေထဲမှာလည်း နေရာတစ်ခုရရှိခဲ့ပါတယ်။ အဲဒီနှစ်ထဲမှာပဲ . . အော်စတင် ကို ကမ္ဘာ့ အဆင့်(၁) အားကစားသမားအဖြစ် သတ်မှတ်ခဲ့ပါတယ်။ အိုလံပစ်အားကစားပြိုင်ပွဲတွေ ထဲမှာလည်း ပထမရသူအဖြစ်သတ်မှတ်ခဲ့ပါတယ်။ ဒီ. . . ထူးခြားထည်ဝါတဲ့ အိုလံပစ်ဆု ၃ ကြိမ်ရရှိခဲ့သူ အားကစားသမားဟာ အမေရိကန်ပြည်ထောင်စု အောက်ဒိုးတံခွန်စိုက်ပြိုင်ပွဲတွေမှာလည်း ဆုခြောက်ကြိမ်ရရှိခဲ့ပါတယ်။ ကမ္ဘာ့ တံခွန်စိုက်ပြိုင်ပွဲ . . . အင်ဒိုး ကမ္ဘာ့တံခွန်စိုက်ပြိုင်ပွဲနဲ့ ကမ္ဘာ့ဖလား တံခွန်စိုက်ပြိုင်ပွဲ တွေမှာလည်း တစ်ကြိမ်စီဆုရရှိခဲ့ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## World's Largest International Food Franchise

There are more than 30,000 McDonald's restaurants in the world, serving customers in 118 different countries. McDonald's serves about 46 million customers each day, about 24 million of whom are in the United States. Some of McDonald's most popular menu items include the Big Mac, the Quarter Pounder, the Egg McMuffin, and Chicken McNuggets. Out of respect for local cultures, restaurants in different countries modify their menus according to religious or cultural traditions. For example, there is a kosher McDonald's in Jerusalem, and the Big Macs in India are made with lamb instead of beef.








## ကမ္ဘာ့အကြီးကျယ်ဆုံးအပြည်ပြည်ဆိုင်ရာ အစားအသောက်ထုတ်လုပ်ဝန်ဆောင်မှုလုပ်ငန်း

မက်ဒေါ်နယ်ရဲ့ စားသောက်ဆိုင်တွေဟာ ကမ္ဘာတစ်ဝှမ်းမှာ ဆိုင်ပေါင်း ၃၀,၀၀၀ ကျော်ရှိတယ်။ (တစ်နိုင်ငံတည်းမှာ မဟုတ်ဘဲ) ကွဲပြားခြားနားတဲ့ နိုင်ငံပေါင်း (၁၁၈)နိုင်ငံမှာ တည်ခင်းရောင်းချနေတာ ဖြစ်ပါတယ်။ တစ်နေ့တစ်နေ့မှာ ဝယ်သူဖောက်သည်ပေါင်း (၄၆)သန်းလောက်ကို မက်ဒေါ်နယ်ရဲ့ ဆိုင်တွေက ဝန်ဆောင်မှုပေးနေပါတယ်။ အဲဒီအထဲက ဖောက်သည် (၂၄)သန်းကတော့ အမေရိကန်ပြည်ထောင်စုမှဖြစ်ပါတယ်။ မက်ဒေါ်နယ်ရဲ့ လူကြိုက်အများဆုံး စားသောက်ဖွယ်စာရင်းပါ ... အချို့အမည်စာရင်းတွေထဲမှာ ... ဘစ်ဂ်မက်က်၊ ကွာတားပေါင်ဒါ၊ ကြက်ဥမက်က်မပ်ဖင်နဲ့ ကြက်သားမက်က်နပ်ဂက်တို့လည်း ပါဝင်ပါတယ်။ ဒေသခံဓလေ့ထုံးစံယဉ်ကျေးမှုတွေကို လေးစားတဲ့အတွက် ....(ဓလေ့ထုံးစံယဉ်ကျေးမှု-မတူညီ) ကွဲပြားခြားနားတဲ့ တိုင်းပြည်တွေမှာ မက်ဒေါ်နယ်ရဲ့ စားသောက်ဆိုင်တွေက သူတို့ရဲ့ စားသောက်ဖွယ်စာရင်းတွေကို ဘာသာရေး (သို့) ယဉ်ကျေးမှုဓလေ့ထုံးစံတွေနဲ့ အညီပြုပြင်မွမ်းမံကြပါတယ်။ ဥပမာအားဖြင့် ဂျေရုစလင်မှာရှိတဲ့ မက်ဒေါ်နယ်ရဲ့ ဆိုင်တွေမှာ ဂျူးဘာသာတရားနဲ့အညီ ပြင်ဆင်စီမံတဲ့ "ကိုရှာ" ရှိတယ်။ ပြီးတော့ အိန္ဒိယပြည်မှာ (ရောင်းချတဲ့) ဘစ်ဂ်မက်မုန့်တွေကို အမဲသားအစား သိုးကလေးသားနဲ့ စီမံပြုလုပ်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## World's Most Valuable Food Brand

Coca-Cola is the most valuable food brand in the world, worth some $72.5 billion. Coca-Cola was invented in the United States by John Pemberton in 1887. He quickly trademarked his mix of Coca-Cola syrup and carbonated water and it became a popular fountain drink. Today about 300 different Coca-Cola products can be found in 200 countries around the globe. Most well-known brands like Coke and Sprite are widely available, but some countries have their own special flavors. For instance, Brazilians enjoy Bonaqua, the Japanese drink Sokebicha, and Israelis may quench their thirst with Kinley.








## ကမ္ဘာ့တန်ဖိုးအကြီးဆုံးစားသောက်ကုန်အမှတ်တံဆိပ်

"ကိုကာကိုလာ"ဟာ ကမ္ဘာပေါ်မှာ တန်ဖိုးအကြီးဆုံးစားသောက်ကုန် အမှတ်တံဆိပ်ဖြစ်ပါတယ်။ ဒေါ်လာ ၇၂.၅ ဘီလျံတန်ပါတယ်။ ကိုကာကိုလာကို ဂျွန်ပဲင်ဘာတန်ဆိုသူက အမေရိကန်ပြည်ထောင်စုမှာ ၁၈၈၇ ခုနှစ်က စတင်တီထွင်ဖန်တီးပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သူက သူစီမံရောစပ်ပြင်ဆင်ပြီးတဲ့ ဖျော်ရည်ကို အမြှုပ်ထအောင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထည့်ထားတဲ့ ရေနဲ့ ရောစပ်တယ်။ အဲဒီဖျော်ရည်ကို သူက ကိုကာကိုလာ ဆိုတဲ့စားသောက်ကုန်အမှတ်တံဆိပ်အဖြစ် အလျင်အမြန်ပဲ မူပိုင်လုပ်လိုက်တယ်။ အဲဒီနောက် ကိုကာကိုလာဟာ လူကြိုက်များရေပန်းစားပြီး အမြဲလိုသုံးဆောင်တဲ့ သောက်စရာတစ်မျိုး ဖြစ်လာပါတယ်။ ဒီနေ့ဒီအခါမှာတော့ ကမ္ဘာတစ်ဝှမ်း တိုင်းပြည်ပေါင်း ၂၀၀ မှာ ကွဲပြားခြားနားတဲ့ကိုကာကိုလာ ထုတ်ကုန် ၃၀၀ ကိုတွေ့ရှိနိုင်ပါတယ်။ ကုတ်နဲ့ စပရိုက်တို့လို နာမည်ကြီးလှသိ အများဆုံးအမှတ်တံဆိပ်တွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်. . . အနှံ့အပြားမှာ ရရှိသုံးဆောင်နိုင်ပါတယ်။ ဒါပေမဲ့ အချို့တိုင်းပြည်တွေမှာတော့ သူတို့ရဲ့အထူးကိုယ်ပိုင်ကြိုက်နှစ်သက်တဲ့ဖျော်ရည်တွေ ရှိပါတယ်။ ဥပမာအားဖြင့် ဘရာဇီးနိုင်ငံသားတွေဟာ ဘိုနာကွာ . . .၊ ဂျပန်တွေကတော့ ဆိုကီဘီချာကို သောက်သုံးကြတယ်။ အစ္စရေးလူမျိုးတွေကတော့ သူတို့ရဲ့ ရေဆာမှုတ်သိပ်မှုကို "ကင်းလေး" နဲ့ ရေငတ်ပြေစေကြပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## Country That Spends the Most on Toys

Each year Americans spend an amazing $ 34.5 billion on toys! That means that every single person in the country spends an average of $121 on toys annually. That's not too much of a surprise considering toys are sold practically everywhere from grocery stores to hobby shops to hardware stores. Wal-Mart averages the highest toys sales with 19% of the market, followed by Toys R Us with 16.5%. The United States also leads the world in toy development, marketing, and advertising and employs more than 32,000 people in those fields.








## ကစားစရာပစ္စည်းများအတွက် ငွေကြေးအများဆုံးသုံးသည့်တိုင်းပြည်

အမေရိကန်လူမျိုးတွေဟာ ကစားစရာပစ္စည်းတွေအတွက် နှစ်စဉ် နှစ်တိုင်း ...ပျမ်းမျှဒေါ်လာ ၃၄.၅ ဘီလျံ အသုံးပြုကြပါတယ်။ မယုံနိုင်လောက်အောင်ပါပဲ။ အဲဒီလောက်သုံးတယ်ဆိုတာက နိုင်ငံတွင်းရှိ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ တွက်ကြည့်ရင် ကစားစရာတွေအတွက် လူတစ်ယောက်တစ်ယောက်ဟာ နှစ်စဉ် ၁၂၁ ဒေါ်လာသုံးတယ် လို့ဆိုလိုပါတယ်။ ကစားစရာတွေကို ကုန်စုံဆိုင်တွေကနေ ကစားစရာရောင်းတဲ့ဆိုင်တွေ၊ ကုန်မာပစ္စည်းရောင်းတဲ့ဆိုင်တွေအထိ နေရာတကာနီးပါးမှာ ရောင်းချနေတာကို ထည့်တွက်ရင်တော့..သိပ်အံ့ဩစရာကောင်းလှတယ်လို့ မဆိုနိုင်ပါဘူး။ ဝေါလ်မတ်ကဈေးကွက်မှာ ကစားစရာရောင်းရတဲ့ အမြင့်ဆုံးရောင်းရငွေကတော့ ၁၉% ပုံမှန်စံနှုန်းဖြစ်ပါတယ်။ တွိုင်းစ်အာအပ်စ်က ၁၆.၅% နဲ့ နောက်ကလိုက်ပါတယ်။ အရုပ်တွေအသစ်တီထွင်ဖြန့်ဝေမှု၊ ရောင်းဝယ်ဖောက်ကားမှုနဲ့ ကြော်ငြာလုပ်ငန်းတွေမှာလည်း ကမ္ဘာကို အမေရိကန်ပြည်ထောင်စုက ဦးဆောင်နေပါတယ်။ ပြီးတော့ အဲဒီနယ်ပယ်တွေမှာ လူပေါင်း ၃၂,၀၀၀ ကျော်ကို ငှားရမ်းအလုပ်ခန့်အပ်ထားပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S MOST MASSIVE DAM

The Tarbela Dam on the Indus River in Pakistan can hold an amazing 5,244 million cubic feet (148.5 million cu m)of water. The dam measures 469 feet (143m) high and 2,264 feet (691m) thick at the base. The dam was built in 1976 by more than 15,000 workers and engineers at a cost of $900 million. Although the dam was originally built to store water for agricultural purposes, the release of water also produces electricity.









## ကမ္ဘာ့ထုထည်အကြီးမားဆုံးရေကာတာ (ဆည်)

ပါကစ္စတန်နိုင်ငံ ဟိန္ဒူမြစ်ပေါ်မှာတည်ရှိတဲ့ တာဘီလာရေကာတာ (ဆည်)ဟာ မယုံကြည်နိုင်လောက်အောင်အံ့ဩဖွယ်ကောင်းတဲ့ ... ရေကုဗပေ ၅,၂၄၄ သန်း (ကုဗမီတာ ၁၄၈.၅ သန်း) ဆန့်ပါတယ်။ ဆည်ကြီးရဲ့ အမြင့်က ၄၆၉ ပေ (၁၄၃ မီတာ)ဖြစ်ပြီး အောက်ခြေက ၂,၂၆၄ပေ (၆၉၁ မီတာ) ထု-အတိုင်းအတာရှိပါတယ်။ အဲဒီဆည်ကြီးကို ၁၉၇၆ ခုနှစ်မှာ အလုပ်သမားတွေ၊ အင်ဂျင်နီယာတွေ ၁၅,၀၀၀ နဲ့တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒေါ်လာသန်း(၉၀၀) ကုန်ကျခဲ့ပါတယ်။ အဲဒီဆည်ကို မူလတည်ဆောက်စဉ်က (လယ်ယာ) စိုက်ပျိုးရေးအတွက် ရေသိုလှောင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တည်ဆောက်ခဲ့တာဖြစ်ပေမဲ့ ...ရေလွှတ်ပေးတဲ့ရေအားကြောင့် (အခုအခါမှာ) လျှပ်စစ်ဓါတ်ကိုလည်း ထုတ်လုပ်ပေးနေပြီဖြစ်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



# WORLD'S LONGEST UNDERWATER TUNNEL

The Seikan Tunnel stretches underwater for a total of 33.4 miles(53.8 km), making it both the longest railway tunnel and underwater tunnel in the world. It connects Honshu–the main island of Japan_ to Hokkaido, an island to the north. Some 14.3miles (23 km) of the tunnel run under the Tsugaru Strait, which connects the Pacific Ocean to the Sea of Japan. A railway in the tunnel transports passengers. Construction began in 1964 and took 24 years to complete. Today, the Seikan Tunnel is no longer the quickest way between the two islands. Air travel is faster and almost the same price.








# ကမ္ဘာ့အရှည်ဆုံးရေအောက်လိုဏ်ခေါင်း

ဆိကန်လိုဏ်ခေါင်းဟာ ရေအောက်မှာ မိုင်စုစုပေါင်း ၃၃. ၄မိုင် (၅၃. ၈ ကီလိုမီတာ) ကျယ်ပြန့်ပါတယ်။ ကမ္ဘာပေါ်မှာ အရှည်လျားဆုံး (ရေအောက်) မီးရထားလမ်းလိုဏ်ခေါင်းနဲ့ အရှည်လျားဆုံးရေအောက် လိုဏ်ခေါင်းနှစ်ခုလုံး (အတွက် စံချိန်တင်ထားတာ)ဖြစ်ပါတယ်။ အဲဒီလိုဏ်ခေါင်းဟာ ဂျပန်ရဲ့ ကျွန်းမကြီး ဟွန်ရှူးနဲ့ မြောက်ဘက်ရှိ ကျွန်းတစ်ကျွန်းဖြစ်တဲ့ ဟော့ကိုင်းဒိုးကျွန်းတို့ကို ဆက်ထားတာဖြစ်တယ်။ ၁၄. ၃ မိုင် (၂၃ ကီလိုမီတာ) ခန့်ရှည်လျားတဲ့ အဲဒီလိုဏ်ခေါင်းဟာ ပစိဖိတ်သမုဒ္ဒရာနဲ့ ဂျပန်ပင်လယ်ကို ဆက်ထားတဲ့ ဆူဂါရူး ရေလက်ကြားရဲ့အောက်မှာ တည်ရှိပါတယ်။ လိုဏ်ခေါင်းအတွင်းရှိ မီးရထားလမ်း ကနေ ခရီးသည်တွေကိုပို့ဆောင်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းကို ၁၉၆၄ ခုနှစ်က စတင်ခဲ့ပြီး ပြီးစီးဖို့အတွက် ၂၄ နှစ် အချိန်ယူခဲ့ရပါတယ်။ ဒီနေ့ဒီအခါ မှာတော့ ဆိကန်လိုဏ်ခေါင်းဟာ ကျွန်းနှစ်ကျွန်းကြားမှာ ဆက်သွယ်ထားတဲ့ အမြန်ဆုံးခရီးလမ်းမဟုတ်တော့ပါဘူး။ လေကြောင်းခရီးနဲ့ သွားလာမှုက ပိုမို မြန်ဆန်ပြီး (ကုန်ကျစရိတ်) ဈေးနှုန်းကလည်း အတူတူနီးပါးလောက်ရှိပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LONGEST ROAD TUNNEL

The 15.2-mile (24.5 km) Laerdal Tunnel was officially opened in Norway on November 27,2000. This huge construction makes its way under large mountain chains to connect the capital of Oslo to the port of Bergen, Norway's second-largest city. The tunnel is 29.5 feet (9 m) wide and 21 feet (6.3m) high. It is estimated that about 1,000 cars and trucks make the 20-minute drive through the tunnel each day. To help make the tunnel safe, the designers installed fire extinguishers every 410 feet (125 m) and special lighting to keep drivers alert. There are also many parking spaces and turning areas in case drivers need to stop or have car trouble. The Laerdal Tunnel cost about $ 114 million to build.









## ကမ္ဘာ့အရှည်ဆုံးလိုဏ်ခေါင်းလမ်းမ

၁၅. ၂မိုင် (၂၄. ၅ ကီလိုမီတာ)ရှည်လျားတဲ့ လေယာဒယ် လိုဏ်ခေါင်းကို နော်ဝေနိုင်ငံမှာ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ ၂၇ ရက်နေ့က တရားဝင်ဖွင့်လှစ်ခဲ့ပါတယ်။ ဒီဧရာမဆောက်လုပ်ရေးလုပ်ငန်းကြီးကို ကြီးမားလှတဲ့ တောင်စဉ်တောင်တန်းတွေအောက်က ထွင်းဖောက်ပြီး အော့စလိုမြို့တော်နဲ့ နော်ဝေနိုင်ငံရဲ့ ဒုတိယအကြီးဆုံးမြို့ကြီး ဆိပ်ကမ်းမြို့ဘာဂျင်ကို ဆက်သွယ်ဖို့ လုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။ လိုဏ်ခေါင်းကြီးဟာ ၂၉. ၅ပေ (၉ မီတာ)ကျယ်ပြီး ၂၁ ပေ (၆. ၃ မီတာ) မြင့်ပါတယ်။ အဲဒီလိုဏ်ခေါင်းကို ကားနဲ့ဖြတ်သန်းမောင်းနှင်မယ်ဆိုရင် မိနစ်နှစ်ဆယ်လောက်ကြာမြင့်ပါတယ်။ ခန့်မှန်းခြေ အားဖြင့် တစ်နေ့တစ်နေ့မှာ မော်တော်ကားတွေ၊ ကုန်တင်ကားတွေ အစီး(၁၀၀၀)လောက် အဲဒီလိုဏ်ခေါင်းကို ဖြတ်သန်းမောင်းနှင်ကြပါတယ်။ အဲဒီလိုဏ်ခေါင်းကြီး ဘေးကင်းလုံခြုံမှုကို အထောက်အကူ ဖြစ်စေဖို့အတွက် ဒီဇိုင်းပုံစံရေးဆွဲသူတွေဟာ ပေ ၄၁၀ (၁၂၅ မီတာ) အကွာအဝေးတိုင်းမှာ မီးသတ်ဘူးတွေကို တပ်ဆင်ထားပါတယ်။ ပြီးတော့ ယာဉ်မောင်းသူများ သတိရှိနိုးကြားစေဖို့အတွက် အထူးစီစဉ်ထားတဲ့ လမ်းမီးတွေကိုလည်း ထွန်းထားကြပါတယ်။ အကယ်၍ ယာဉ်မောင်းသူများက ယာဉ်တွေကို ရပ်တန့်ဖို့လိုအပ်တဲ့အခါ သို့မဟုတ် ကားပျက်တဲ့အခါတွေမှာရပ်ဖို့ ကားရပ်နားရန်နေရာတွေ လမ်းခွဲ၊ လမ်းချိုးတွေလည်း အများကြီးရှိပါတယ်။ လေယာဒယ် လိုဏ်ခေါင်းကို ဆောက်လုပ်ဖို့အတွက် ဒေါ်လာသန်းပေါင်း ၁၁၄ သန်းခန့် ကုန်ကျခဲ့ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



## DEADLIEST TWENTIETH-CENTURY FLOOD

In August 1931, the powerful floodwaters from the Huang He River in China burst through villages and towns killing an estimated 3.7 million people. It was not the first time the Huang He–also known as the Yellow River–has caused disaster. This 3,000-mile-(4,828-km) long river has flooded its surrounding areas more than 1,500 times in the last 1,800 years. It has even changed its course nine times. The Chinese have tried building dams, dikes and overflow channels to control the river, but during the summer flood season, many of the structures collapse under the immense pressure of the surging waters.








## နှစ်ဆယ်ရာစုနှစ်၏ အကြီးမားဆုံးရေလွှမ်းမိုးမှု

၁၉၃၁ ခု ဩဂုတ်လမှာ …တရုတ်နိုင်ငံတွင်းရှိ ဟွန်ဟီး မြစ်ရဲ့ အားကောင်းလှတဲ့ မြစ်ရေတွေလျှံပြီး …ရေကြီးပါတယ်။ အဲဒီ ရေကြီးမှုဟာ ရွာတွေမြို့တွေထဲကိုပါ ဖြတ်သန်းပေါက်ထွက်ပြီး ခန့်မှန်းခြေအားဖြင့် လူပေါင်း ၃.၇ သန်းကို သတ်ဖြတ်သေကြေစေခဲ့ပါတယ်။ မြစ်ဝါမြစ်လို့လည်းခေါ်တဲ့ ဟွန်ဟီးမြစ်ရေကြီးပြီး ဘေးဒုက္ခ အန္တရာယ်ဖြစ်စေတာဟာ (ဒီအကြိမ်) ပထမဦးဆုံးအကြိမ်မဟုတ်ပါဘူး။ မိုင် ၃၀၀၀ (ကီလိုမီတာ ၄၈၂၈) ရှည်လျားတဲ့ အဲဒီမြစ်ဟာ သူ့ရဲ့ ပတ်ဝန်းကျင်ဒေသတွေကို …ပြီးခဲ့တဲ့ နှစ်ပေါင်း ၁၈၀၀ အတွင်း အကြိမ်ပေါင်း ၁၅၀၀ ကျော် ရေလွှမ်းမိုးခဲ့ပြီးဖြစ်ပါတယ်။ သူ့ရဲ့ မြစ်ကြောင်းလည်း ကိုးကြိမ်တောင်မှပြောင်းလဲခဲ့ပြီးဖြစ်ပါတယ်။ တရုတ်လူမျိုးတွေဟာ ရေကာတာတွေ တမံ၊ ရေနုတ်မြောင်းတွေ …လျှံတဲ့ရေတွေစီးဆင်းဖို့ လမ်းကြောင်း …ရေလက်ကြားတွေ…တည်ဆောက်ပြီး အဲဒီမြစ်ကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ …ရေလွှမ်းရာသီ၊ နွေရာသီမှာ အလွန်အမင်း အင်အားကြီးမားပြီး တလိပ်လိပ်ဒလဟော တက်လာတဲ့မြစ်ရေရဲ့ ဖိအားအောက်မှာ အဆောက်အအုံတွေ အမြောက်အမြားဟာ ပြိုလဲပျက်စီးခဲ့ကြရပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



# DEADLIEST TWENTIETH-CENTURY EARTHQUAKE

Tangshan, China, was rocked by a deadly earthquake on July 28, 1976. The tragedy devastated the city, killing more than 242,000 people– about one-quarter of its total population. Since that time, Tangshan has come to be known as the "Brave City of China" because of its successful rebuilding efforts. With its new earthquake-proof buildings and an impressive high-tech transportation system, the city now plays an important role in China's economy. Tangshan is a major supplier of fish, iron ore, and fruits and vegetables.








# နှစ်ဆယ်ရာစုနှစ်၏ အပြင်းထန်ဆုံးငလျင်လှုပ်မှု

၁၉၇၆ ခု ဇူလိုင်လ ၂၈ ရက်မှာ တရုတ်နိုင်ငံ တန်ရှန် မြို့ကြီးဟာ ကြီးကျယ်ပြင်းထန်တဲ့ ငလျင်တစ်ခုကြောင့် လှုပ်ခါခဲ့ရပါတယ်။ အဲဒီ ကံဆိုးမိုးမှောင်ကျတဲ့အဖြစ်ဆိုးကြီးဟာ အဲဒီမြို့ကြီးကို ဖွတ်ဖွတ်ညက်ညက်ကြေသွားစေတယ်။ လူပေါင်း ၂၄၂,၀၀၀ ကျော် သေဆုံးခဲ့ရပါတယ်။ (သေဆုံးသူအရေအတွက်ဟာ) အဲဒီမြို့ကြီးမှာ နေထိုင်သူလူဦးရေစုစုပေါင်းရဲ့ လေးပုံတစ်ပုံ ဖြစ်ပါတယ်။ အဲဒီအချိန်ကတည်းက တန်ရှန်မြို့ကြီးဟာ "တရုတ်ပြည်ရဲ့ ရဲရင့်မြို့တော်" အဖြစ် လူသိများကျော်ကြားခဲ့ပါတယ်။ ဘာကြောင့်ဆိုတော့ သူ့ရဲ့အောင်မြင်စွာ ပြန်လည်တည်ဆောက်နိုင်တဲ့ အားထုတ်ကြိုးပမ်းမှုတွေအတွက် ဖြစ်ပါတယ်။ သူ့ရဲ့ ငလျင်ဒဏ်ခံအဆောက်အအုံအသစ်တွေနဲ့ အထင်ကြီးလေးစားလောက်တဲ့ အဆင့်မြင့်နည်းပညာနဲ့ ပြုလုပ်ထားတဲ့ သယ်ယူပို့ဆောင်ရေးစနစ် တစ်ခုကြောင့် ယခုအခါမှာ တန်ရှန်မြို့ကြီးဟာ တရုတ်ပြည်ရဲ့ စီးပွားရေးမှာ အရေးပါတဲ့အခန်းကဏ္ဍတစ်ခုအဖြစ်ရပ်တည်နေပါတယ်။ တန်ရှန်မြို့ကြီးဟာ ငါး၊ သံ၊ သတ္တုရိုင်း၊ သစ်သီးအမျိုးမျိုးနဲ့ ဟင်းသီးဟင်းရွက်တွေ အဓိကပေးသွင်းနေတဲ့ မြို့ကြီး တစ်မြို့ဖြစ်ခဲ့ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



# DEADLIEST TWENTIETH-CENTURY VOLCANIC ERUPTION

Mount Pelée erupted on May 8,1902, and killed about 30,000 people living on the small island of Martinique in the Caribbean Sea. By the time the eruption subsided, about 15% of the island's population had been killed. The most devastating part of the eruption was the tremendously hot ash flows. The flows destroyed the port and town of Saint-Pierre, the island's business center. After the eruption, much of the town was not rebuilt, and many ruins are still visible. The 4,583-foot-tall (1,397m) volcanic mountain most recently erupted in 1929 but caused little damage.








# နှစ်ဆယ်ရာစုနှစ်၏ အပြင်းထန်ဆုံး မီးတောင်ပေါက်ကွဲမှု

၁၉၀၂ ခု မေလ ၈ ရက်နေ့မှာ ပီလဲ့မီးတောင်ကြီးပေါက်ကွဲ ခဲ့ပါတယ်။ ကရစ်ဘီယံပင်လယ်အတွင်း မာတီနစ်ကျွန်းလေးပေါ်မှာနေထိုင်သူ လူပေါင်း ၃၀,၀၀၀ လောက်သေခဲ့ရပါတယ်။ ပေါက်ကွဲမှုလျော့ကျသက်သာသွားတဲ့အခါမှာ အဲဒီကျွန်းမှာ နေထိုင်သူလူဦးရေရဲ့ ၁၅% ဟာ သေကြေခဲ့ရပါတယ်။ ပေါက်ကွဲမှုရဲ့ အကြီးအကျယ် အပျက်စီးဆုံးကဏ္ဍကတော့ အလွန်တရာပူလောင်တဲ့ ပြာမှုန်များစီးဆင်းမှုပါပဲ။ အဲဒီ စီးဆင်းမှု(တွေ)က သင်္ဘောဆိပ်နဲ့ ကျွန်းရဲ့ကူးသန်းရောင်းဝယ်မှု အချက်အချာ စိန့်ပီယာရီမြို့တို့ကို ဖျက်ဆီးခဲ့တယ်။ မီးတောင်ပေါက်ကွဲမှုအပြီးမှာ မြို့ရဲ့များပြားတဲ့ အစိတ်အပိုင်းတွေကို ပြန်ပြီးမတည်ဆောက်ခဲ့ဘူး။ ဒီတော့ အပြိုအပျက်အမြောက်အမြားကို ခုထိတွေ့မြင်နိုင်ပါတယ်။ ၄၅၈၃ ပေ (၁၃၉၇ မီတာ) မြင့်တဲ့ မီးတောင်ကြီးဟာ သိပ်မကြာလှတဲ့ ၁၉၂၉ မှာ (ထပ်မံ) ပေါက်ကွဲပါတယ်။ ဒါပေမဲ့ (ဒီအကြိမ်မှာတော့) အပျက်အစီးနည်းနည်းကိုပဲ ဖြစ်ပွားစေခဲ့ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## DEADLIEST TWENTIETH-CENTURY HURRICANE

Beginning on October 26, 1998, Hurricane Mitch pounded Central America, killing more than 11,000 people and causing more than $3 billion in damage. The countries hit hardest were Nicaragua and Honduras, but El Salvador and Guatemala also sustained significant damage. At the peak of the storm, wind gusts reached up to 180 miles per hour (157 knots) and remained that way for 24 hours. Besides the gusting winds and pouring rain, giant mud slides and raging floods destroyed millions of homes and took thousands of lives.








## နှစ်ဆယ်ရာစုနှစ်အတွင်း အပြင်းထန်ဆုံးတိုက်ခတ်သည့် ဟာရီကိန်းမုန်တိုင်း

၁၉၉၈ ခု အောက်တိုဘာလ ၂၆ ရက်နေ့က စတင်ပြီး မစ်ချ်ဟာရီကိန်းမုန်တိုင်းဟာ အမေရိကတိုက်အလယ်ပိုင်းကို တိုက်ခတ်ပါတယ်။ လူပေါင်း ၁၁,၀၀၀ ကျော်ကို သေစေခဲ့ပြီး ဒေါ်လာ(၃)ဘီလျံ ကျော်ဖိုးပျက်စီးခဲ့ရပါတယ်။ အပြင်းထန်ဆုံးထိခိုက်ခဲ့တဲ့ တိုင်းပြည်တွေကတော့ . . . နီကရာဂွါ နဲ့ ဟွန်ဒူရပ်စ် တို့ဖြစ်ကြပါတယ်။ ဒါပေမဲ့ အယ်လ်ဆာဗေးဒေါနဲ့ ဂွါတီမာလာ တို့လည်း သိသိသာသာကြီး ပျက်စီးဆုံးရှုံးမှုဒဏ်ကို တွေ့ကြုံခဲ့ရပါတယ်။ မုန်တိုင်းတိုက်တဲ့ အထွတ်အထိပ်အမြင့်ဆုံးကာလမှာ တစ်နာရီကို ၁၈၀ မိုင် (ရေမိုင် ၁၅၇) နှုန်းနဲ့ လေပြင်းတိုက်ခိုက်ခဲ့ပါတယ်။ အဲဒီနှုန်းနဲ့ ၂၄ နာရီကြာအောင် ဆက်လက်တိုက်ခတ်ခဲ့ပါတယ်။ ပြင်းထန်တဲ့လေပြင်းမုန်တိုင်းတွေ . . . သွန်းလောင်းရွာချနေတဲ့ မိုးရေတွေအပြင် ကြီးမားတဲ့မြေပြိုမှုတွေ . . . နဲ့ သဲကြီးမဲကြီး အရှိန်ပြင်းတဲ့ ရေလွှမ်းမိုးမှုတွေက သန်းပေါင်းများစွာသော အိုးအိမ်တွေကို ပျက်စီးစေခဲ့တယ်။ ပြီးတော့ ထောင်ပေါင်းများစွာသော လူတို့ရဲ့အသက်တွေကို ထုတ်ယူသွားခဲ့ကြပါတယ်။






www.burmeseclassic.com

www.burmeseclassic.com





## WORLD'S SLEEPIEST ANIMAL

A koala will spend the majority of its day_about 22 hours_sleeping in its eucalyptus tree. Its sharp claws and nimble feet help it to hold on to the branches, even when it is asleep. Koalas are nocturnal animals, which means they are active mainly at night. During the 2 hours a koala is awake, it will feed on 1 to 2 pounds (.4 to .9 kg) of eucalyptus leaves. When a koala is born, it measures about 3/4 inch (1.9 cm) long and lives in its mother's pouch for six months. An average koala is about 2 feet (.6 m) tall and weighs about 22 pounds (10 kg).










## ကမ္ဘာပေါ်တွင် အအိပ်စက်ဆုံးတိရစ္ဆာန်

ကိုအာလာ ဆိုတဲ့ တိရစ္ဆာန်တစ်ကောင်ဟာ . . . တစ်နေ့တာကာလရဲ့ အချိန်အများစု (၂၂-နာရီ)ကို သူ(မှီတွယ်ရာ) ယူကာလစ်ပင်မှာတွယ်ကပ်ပြီး အိပ်စက်ခြင်းဖြင့် ကုန်လွန်စေပါလိမ့်မယ်။ သူ့ရဲ့ ချွန်ထက်တဲ့လက်သည်း၊ ခြေသည်းတွေ၊ သွက်လက်ကျွမ်းကျင်တဲ့ခြေထောက်တွေက သူအိပ်ပျော်နေတဲ့ အချိန်မှာတောင် သစ်ကိုင်းတွေကို ဖက်တွယ်ထားနိုင်ဖို့ ကူညီပါတယ်။ ကိုအာလာတွေဟာ ညမှာကျက်စားတဲ့ . . . ညဘက်မှာသာ အဓိကလှုပ်ရှားတဲ့ တိရစ္ဆာန်တွေ ဖြစ်ပါတယ်။ နိုးနေတဲ့ နှစ်နာရီအတောအတွင်းမှာ ကိုအာလာ တစ်ကောင်ဟာ ယူကာလစ်အရွက် ၁ ပေါင်မှ ၂ ပေါင်ထိ (.၄ ကီလိုဂရမ်မှ .၉ ကီလိုဂရမ်ထိ) ကိုစားလိမ့်မယ်။ ကိုအာလာ တစ်ကောင်ကိုမွေးတဲ့အခါ သူ့ရဲ့အတိုင်းအတာ ပမာဏက တစ်လက်မရဲ့လေးပုံသုံးပုံ (၁ .၉ စင်တီမီတာ) သာရှိပါတယ်။ သူဟာ မိခင်ရဲ့သားပိုက်အိတ်ထဲမှာ ခြောက်လလောက်ကြာအောင်နေရပါတယ်။ ပျမ်းမျှပုံမှန် ကိုအာလာ တစ်ကောင်ဟာ ၂ ပေ (.၆ မီတာ) လောက်မြင့်ပြီး ခန္ဓာကိုယ်အလေးချိန် (၂၂)ပေါင် (၁၀ ကီလိုဂရမ်)ခန့်ရှိပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S FASTEST LAND MAMMAL

These sleek mammals can reach a speed of 65 miles (105 km) per hour for short spurts. Their quickness enables these large African cats to easily outrun their prey. All other African cats must stalk their prey because they lack the cheetah's amazing speed. Unlike the paws of all other cats, cheetah paws do not have skin sheaths-thin protective coverings. Their claws, therefore, cannot pull back.








## ကမ္ဘာ့အမြန်ဆုံး ကုန်းနေနို့တိုက်သတ္တဝါ

(အာဖရိကတောလိုက် ကျားသစ်၊ သစ်ကျူတ်)

အမွေးသိပ်ပြီးကျစ်လျစ်ကြော့မော့လှပတဲ့ ဒီနို့တိုက်သတ္တဝါတွေဟာ တစ်ရှိန်ထိုးတစ်ခါပြေးရင် တစ်နာရီမှာ ၆၅ မိုင် (၁၀၅ ကီလိုမီတာ) မိုင်နှုန်းထိရောက်ရှိနိုင်တယ်။ သူတို့ရဲ့ လျင်မြန်မှုက ကြီးမားတဲ့အာဖရိက ကြောင်မျိုးနွယ်ဝင်–ဒီသစ်ကျူတ်တွေ . . . သူတို့ရဲ့သားကောင်တွေကို လိုက်တဲ့အခါ တစ်ပန်းသာစေတယ်။ အခြားအာဖရိက ကြောင်မျိုးနွယ်စုဝင် (ခြင်္သေ့၊ ကျား) စသည်တို့မှာ သစ်ကျူတ်ရဲ့ အရှိန်နှုန်းလို အံ့ဩဖွယ်ကောင်းတဲ့ လျင်မြန်မှု မရှိတဲ့အတွက် သူတို့ရဲ့ သားကောင်တွေအနားကို ခြေသံလုံလုံနဲ့ တရွေ့ရွေ့ ချဉ်းကပ်ကြရပါတယ်။ အခြားကြောင်မျိုးနွယ်စုဝင်တွေရဲ့ ခြေဖဝါး၊ လက်ဖဝါးတွေနဲ့ မတူတဲ . . . သစ်ကျူတ်တွေမှာ သူတို့ရဲ့ခြေဖဝါး၊ လက်ဖဝါးတွေကို ကာကွယ်ဖုံးလွှမ်းထားတဲ့ အရေခွံမရှိဘူး။ ဒါကြောင့် သူတို့ခြေသည်း လက်သည်းတွေကို ပြန်ပြီးဆွဲယူနိုင်ခြင်းမရှိပါဘူး။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S SLOWEST LAND MAMMAL

When a three-toed sloth is traveling on the ground, it reaches a top speed of only .07 miles (.11km) per hour. That means that it would take the animal almost 15 minutes to cross a four-lane street. The main reason sloths move so slowly is that they cannot walk like other mammals. They must pull themselves along the ground using only their sharp claws. Because of this, sloths spend the majority of their time in trees. A green algae grows on their fur, camouflaging them in the trees. Surprisingly, sloths are distantly related to armadillos and anteaters.









## ကမ္ဘာ့အနှေးဆုံး ကုန်းနေနို့တိုက်သတ္တဝါ

(မျောက်မောင်းမ)

ခြေချောင်းသုံးချောင်းစီသာရှိတဲ့ မျောက်မောင်းမတစ်ကောင်ဟာ မြေပြင်ပေါ်မှာခရီးသွားရင် တစ်နာရီမှာအများဆုံး .၀၇ မိုင်( .၁၁ ကီလိုမီတာ) နှုန်းသာရောက်ရှိပါတယ်။ ဆိုလိုတာက ဒီတိရစ္ဆာန်ဟာ လေးလမ်းသွား လမ်းတစ်ခုကို ဖြတ်ဖို့ဆိုရင် (၁၅)မိနစ်နီးပါးကြာမြင့် ပေလိမ့်မယ်။ အဓိက အကြောင်းရင်းကတော့ မျောက်မောင်းမတွေဟာ အလွန်နှေးကွေးစွာ လှုပ်ရှားတဲ့ အတွက် သူတို့ဟာ အခြားနို့တိုက်သတ္တဝါတွေလို လမ်းမလျှောက်နိုင်ကြဘူး။ သူတို့တွေဟာ သူတို့ရဲ့ချွန်ထက်တဲ့ ခြေသည်းလက်သည်းတွေကိုသာ အသုံးပြုပြီးတော့ သူတို့ (ရဲ့ခန္ဓာကိုယ်ကို သူတို့)ဘာသာသူတို့ မြေပြင်တစ်လျှောက် ဆွဲယူကြရတယ်။ ဒါကြောင့်လည်း မျောက်မောင်းမတွေဟာ သူတို့ရဲ့အချိန် အများစုကို သစ်ပင်တွေထက်မှာသာ ကုန်လွန်စေတာဖြစ်တယ်။ သူတို့ရဲ့ အမွေးတွေပေါ်မှာ အစိမ်းရောင် မှော်ပင်၊ ရေညှိပင်တစ်မျိုးက ပေါက်နေတယ်။ ဒါကြောင့် သူတို့ကို သစ်ပင်တွေနဲ့တစ်သားတည်းထင်ရစေတယ်။ အံ့ဩစရာ ကောင်းတာက ... မျောက်မောင်းမတွေဟာ အမာဒီလိုတွေ၊ ပရွက်စားကောင် တွေနဲ့ သိသာထင်ရှားစွာနီးနွယ်ပတ်သက်နေတာပါပဲ။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S TALLEST LAND MAMMAL

Giraffes can grow to more than 18 feet (5.5 m) in height. That means an average giraffe could look through the window of a two-story building. A giraffe's neck is 18 times longer than a human's, but both mammals have exactly the same number of neck bones. A giraffe's long legs enable it to outrun most of its enemies. When cornered, a giraffe has been known to kill a lion with a single kick.








## ကမ္ဘာ့အရပ်အမြင့်ဆုံး ကုန်းနေနို့တိုက်သတ္တဝါ

(သစ်ကုလားအုတ်)

သစ်ကုလားအုတ်တွေဟာ အမြင့် ၁၈ ပေ (၅ . ၅မီတာ) ကျော်ကျော် ကြီးထွားနိုင်ပါတယ်။ ဆိုလိုတာကပျမ်းမျှပုံမှန် သစ်ကုလားအုတ်တစ်ကောင်ဟာ နှစ်ထပ်အဆောက်အအုံတစ်ခုရဲ့ ပြတင်းပေါက်ကို ကြည့်ရှုနိုင်တယ်ဆိုတာပါပဲ။ သစ်ကုလားအုတ်တစ်ကောင်ရဲ့ လည်ပင်းဟာ လူတစ်ယောက်ရဲ့လည်ပင်းထက် ၁၈ ဆ ပိုမိုရှည်လျားပါတယ်။ ဒါပေမဲ့ အဲဒီ(လူရော၊ သစ်ကုလားအုတ်ပါ) နို့တိုက်သတ္တဝါနှစ်မျိုးလုံးမှာ အတိအကျတူညီတဲ့ လည်ပင်းရိုးအရေအတွက်တွေ ရှိကြတယ်။ သစ်ကုလားအုတ်တစ်ကောင်ရဲ့ ရှည်လျားတဲ့ခြေထောက်တွေဟာ သူ့ရဲ့ ရန်သူအများစုကို မောက်သွားအောင်ကန်နိုင်တယ်။ ချောင်ပိတ်မိနေတဲ့ အခါမှာဆိုရင် သစ်ကုလားအုတ်တစ်ကောင်ဟာ ခြင်္သေ့တစ်ကောင်ကို တစ်ချက်တည်း ကန်ထည့်လိုက်ရုံနဲ့ သေစေနိုင်တယ်လို့သိရပါတယ်။

**တော်ဝင် (ဝါပေ)**

အမှတ် ၉၇(A)၊ မြည်းထိန်း၊ ငုဝါလမ်း




www.burmeseclassic.com

www.burmeseclassic.com



## WORLD'S HEAVIEST MARINE MAMMAL

Blue whales can weigh more than 143 tons and measure over 100 feet (30m) long, making these enormous sea creatures the largest animals that have ever lived. Amazingly, these gentle giants only eat krill_small, shrimplike animals. A blue whale can eat about 4 tons of krill each day in the summer, when food is plentiful. To catch the krill, a whale gulps as much as 17,000 gallons (64,600l) of seawater into its mouth at one time. Then it uses its tongue_which can be the same size as a car_to push the water back out. The krill get caught in hairs on the whale's baleen (a keratin structure that hangs down from the roof of the whale's mouth).








## ကမ္ဘာ့အကြီးဆုံး ရေနေ(နို့တိုက်)သတ္တဝါ

ဘလူးဝေးလ်ခေါ် ဝေလငါးတွေဟာ ၁၄၃ တန်ကျော်ကျော် အလေးချိန်ရှိပြီး ပေ ၁၀၀ (မီတာ ၃၀)ကျော်ရှည်လျားပါတယ်။ အဲဒီ ရှည်လျားလေးလံမှုက ပင်လယ်အတွင်းနေထိုင်တဲ့ ဒီရောမအကောင်ကြီးတွေကို သက်ရှိထင်ရှားနေထိုင်ဖူးခဲ့သမျှသတ္တဝါတွေအနက် အကြီးမားဆုံးသက်ရှိသတ္တဝါတွေအဖြစ် သတ်မှတ်နိုင်စေခဲ့ပါတယ်။ အံ့သြဖွယ်ကောင်းတာက ဒီနူးညံ့သိမ်မွေ့တဲ့ ရောမသတ္တဝါကြီးတွေဟာ အလွန်သေးငယ်တဲ့ ကရေးခေါ် ပုဇွန်ဆိတ်ငယ်ကလေးတွေကိုပဲ စားပါတယ်။ အစာရေစာပေါများတဲ့ နွေရာသီမှာဆိုရင် ဘလူးဝေးလ် ဝေလငါးတစ်ကောင်ဟာ တစ်နေ့တစ်နေ့ ပုဇွန်ဆိတ်ကလေး (၄)တန်လောက် စားနိုင်ပါတယ်။ ကရေးခေါ် ပုဇွန်ဆိတ်ကလေးတွေကို ဖမ်းနိုင်ဖို့အတွက် ဝေလငါးတစ်ကောင်ဟာ တစ်ကြိမ်တစ်ကြိမ်မှာ ပင်လယ် ရေဂါလံပေါင်း ၁၇,၀၀၀ (၆၄,၆၀၀ လီတာ)ကို သူ့ပါးစပ်ထဲသို့ မျိုချ ရပါတယ်။ အဲဒီနောက် အဲဒီရေတွေကို ပြန်ပြီးတွန်းထုတ်နိုင်ဖို့အတွက် သူက–ကားတစ်စီးရဲ့အရွယ်အစားပမာဏနဲ့ တူညီတဲ့(ကားတစ်စီးလောက်ရှိတဲ့) သူ့ရဲ့လျှာကို အသုံးပြုပါတယ်။ ကရေးခေါ် ပုဇွန်ဆိတ် ကလေးတွေဟာ ဝေလငါးရဲ့ပါးစပ် အပေါ်မေးရိုးဘေးဘက်မှ တွဲကျနေတဲ့ ဘလင်းပေါ်ကအမွှင်လေးတွေကြားမှာမိပြီး အစားခံရသွားတာဖြစ်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S HEAVIEST LAND MAMMAL

African elephants measure approximately 24 feet (7.3m) long and can weigh up to 6 tons. Even at their great size, they are strictly vegetarian. They will, however, eat up to 500 pounds (226 kg) of vegetation a day! Their two tusks_which are really elongated teeth_grow continuously during their lives and can reach about 9 feet (2.7m) in length. These large animals move at about 4 miles (6.4 km) per hour, but they can charge at 30 miles (48 km) per hour.








## ကမ္ဘာ့အကြီးဆုံး ကုန်းနေ(နို့တိုက်)သတ္တဝါ

အာဖရိကဆင်တွေဟာ ၂၄ ပေ (၇.၃ မီတာ)လောက်ရှည်လျားပြီး ၆ တန်လောက်အထိ အလေးချိန်ရှိနိုင်ပါတယ်။ သူတို့ရဲ့ အရွယ်အစားက ကြီးမားတဲ့အပြင် သူတို့ဟာ လုံးဝကိုအသီးအရွက်ပဲစားတဲ့ သက်သက်လွတ်သမားတွေဖြစ်တယ်။ ဒါပေမဲ့.... သူတို့ဟာ တစ်နေ့တစ်နေ့မှာ သဘာဝပေါက်ပင် ပေါင် ၅၀၀ (၂၂၆ ကီလိုဂရမ်)လောက် ထိ စားသောက်ပါလိမ့်မယ်။ သူတို့ရဲ့ အစွယ်နှစ်ချောင်း (တကယ်တမ်းကတော့ ရှည်ထွက်လာတဲ့သွားတွေ)ဟာ သူတို့(မသေမီ) သက်တမ်းတစ်လျှောက်လုံး အဆက်မပြတ်ကြီးထွားနေပါတယ်။ အလျားအားဖြင့် ၉ ပေ (၂.၇ မီတာ) လောက်ထိ ရှည်လျားနိုင်ပါတယ်။ ဒီကြီးမားတဲ့ တိရစ္ဆာန်ကြီးတွေဟာ တစ်နာရီမှာ ၄ မိုင် (၆.၄ ကီလိုမီတာ)လောက် ရွေ့လျားသွားလာနိုင်ပါတယ်။ ဒါပေမဲ့... သူတို့ဟာ တစ်ဟုန်ထိုးဝင်ရောက်တိုက်ခိုက်မယ် ....တစ်ဟုန်ထိုးပြေးမယ်ဆိုရင်တော့ တစ်နာရီကို မိုင် ၃၀ (၄၈ ကီလိုမီတာ)လောက်ပြေးနိုင်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LONGEST-LIVED MAMMAL


The average life span of a killer whale is 90 years. The average life span of a human is only about 76 years. Male killer whales can measure up to 28 feet (9m) long and weigh up to 12,000 pounds (5,443 kg). They have more than 4 dozen razor-sharp teeth and use them to feed on both birds and mammals. Some of these whales have been known to eat up to 2,000 pounds (907 kg) in just one feeding.





## ကမ္ဘာ့သက်တမ်းအရှည်ဆုံးနို့တိုက်သတ္တဝါ

(အဖြူနဲ့အနက်ရောင် အသားစားဝေလငါး) ကေးလားဝေလငါးရဲ့ ပျမ်းမျှသက်တမ်းဟာနှစ် (၉၀)ဖြစ်ပါတယ်။ လူသားရဲ့ ပျမ်းမျှသက်တမ်း ကတော့ (၇၆)နှစ်လောက်ပဲရှိပါတယ်။ ကေးလားဝေလငါးအထီးဟာ ၂၈ ပေ (၉မီတာ) ထိရှည်လျားပြီး၊ အလေးချိန်အားဖြင့် ၁၂,၀၀၀ပေါင် (၅,၄၄၃ ကီလိုဂရမ်) ထိလေးတဲ့အတိုင်းအတာရှိပါတယ်။ သူတို့မှာ ပြည့်နေအောင် ထက်တဲ့သွားပေါင်း ၄ ဒါဇင် (၄၈ ချောင်း)ကျော်ကျော်ရှိတယ်။ အဲဒီသွားတွေကို ငှက်တွေနဲ့ နို့တိုက်သတ္တဝါနှစ်မျိုးလုံးကို ကိုက်ဖြတ်စားသောက်ဖို့အတွက် သုံးပါတယ်။ အဲဒီဝေလငါးတွေထဲက အချို့ဟာ တစ်ခါစားရင် ပေါင်၂,၀၀၀ (၉၀၇ ကီလိုဂရမ်) အထိ စားနိုင်တယ်လို့ သိရပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



## WORLD'S FASTEST FLYER

When diving through the air, a peregrine falcon can reach speeds of up to 175 miles (282 km) an hour. That's about the same speed as the fastest race car in the Indianapolis 500. These powerful birds can catch prey in midair and kill it instantly with their sharp claws. Peregrine falcons range from about 13 to 19 inches (33 to 48cm) long. The female is called a falcon, but the male is called a tercel, which means "one-third" in German. This is because the male is about one-third the size of the female.








## ကမ္ဘာ့အမြန်ဆုံးပျံသန်းနိုင်သည့်ငှက်

လေထဲမှာ ဒိုင်ဗင်ထိုးပြီးထိုးဆင်းတဲ့အခါ ပဲယ်ရိဂရင်းအမဲလိုက်သိမ်းငှက်ဟာ တစ်နာရီကို ၁၇၅ မိုင် (၂၈၂ ကီလိုမီတာ)နှုန်းထိ ထိုးဆင်းပျံသန်းနိုင်ပါတယ်။ အဲဒီနှုန်းဟာ အင်ဒီယားနားပိုလစ် ၅၀၀ မှာရှိတဲ့အမြန်ဆုံးပြိုင်ကားရဲ့နှုန်းနဲ့တူညီသလောက်ရှိပါတယ်။ အားကောင်းသန်မာတဲ့ ဒီငှက်တွေဟာ သားကောင်ကို လေထဲမှာပဲဖမ်းပြီး သူတို့ရဲ့ချွန်ထက်တဲ့ခြေသည်းတွေနဲ့ ချက်ချင်းပဲသတ်ဖြတ်ပစ် နိုင်စွမ်းရှိပါတယ်။ ပဲယ်ရိဂရင်းအမဲလိုက်သိမ်းငှက်တွေဟာ ၁၃ လက်မမှ ၁၉ လက်မ (၃၃ စင်တီမီတာမှ ၄၈ စင်တီမီတာ)လောက်ထိ ရှည်လျားပါတယ်။ သိမ်းငှက်အမကို ဖဲလ်ကန်လို့ခေါ်ပြီး သိမ်းငှက်အဖိုကိုတော့ တာဆယ် လို့ခေါ်တယ်။ တာဆယ်ဆိုတာ ဂျာမန်ဘာသာစကားမှာ သုံးပုံတစ်ပုံလို့ အဓိပ္ပါယ်ရပါတယ်။ ဘာကြောင့် အဲဒီလိုခေါ်သလဲဆိုတော့ အရွယ်အစားအားဖြင့် သိမ်းငှက်အဖိုဟာ သိမ်းငှက်အမရဲ့ သုံးပုံတစ်ပုံလောက်သာရှိလို့ပါပဲ။






www.burmeseclassic.com

www.burmeseclassic.com



## BIRD THAT BUILDS THE LARGEST NEST

A bald eagle's nest can measure 8 feet (2.4 m) wide and 16 feet (4.9 m) deep. These birds of prey have wingspans up to 7.5 feet (2.3 m) and need a home that they can nest in comfortably. By carefully constructing their home with sticks, branches, and plant material, a pair of bald eagles can balance their home–which can weigh up to 4,000 pounds (8,800 kg)– on the top of a tree or cliff. Called an aerie, this home will be used for the rest of the eagles' lives. Each year a bald eagle pair will add on to their nest as they prepare to raise more offspring.








## အကြီးဆုံးအသိုက်ကိုဆောက်သောငှက်

(အမေရိကန်ပြည်ထောင်စုရဲ့သင်္ကေတဖြစ်တဲ့) ခေါင်းနဲ့အမြီးဖြူ လင်းယုန်ငှက်ရဲ့အသိုက်ဟာ ၈ ပေ (၂.၄ မီတာ)ကျယ်ပြီး ၁၆ ပေ (၄.၉ မီတာ)နက်ပါတယ်။ သားကောင်ရှာဖွေထိုးသုတ်တဲ့ ဒီငှက်ရဲတွေမှာ အတောင်ပံအလျားတွေက ၇.၅ ပေ (၂.၃ မီတာ)အထိရှိတယ်။ ဒီတော့ သူတို့တွေ သက်သောင့်သက်သာ ဖိမ်ရှိရှိအသိုက်ဖွဲ့နေထိုင်နိုင်ဖို့ အိမ်တစ်ခုလိုတာပေါ့။ တုတ်ချောင်းတွေ၊ သစ်ကိုင်းတွေ၊ သစ်ပင်ထွက်ပစ္စည်းတွေနဲ့ ဂရုတစိုက်သေသေချာချာဆောက်လုပ်ထားခြင်းအားဖြင့် လင်းယုန်ငှက်မောင်နှံဟာ သူတို့ရဲ့အိမ်ကို သစ်ပင်တစ်ပင်ရဲ့ထိပ်ဖျား ဒါမှမဟုတ် ကျောက်ထရံ၊ ချောက်ကမ်းပါးပေါ်မှာငြိမ်အောင်ထိန်းထားနိုင်ပါတယ်။ အဲဒီအိမ်(အသိုက်)က ပေါင် ၄,၀၀၀ (၈,၈၀၀ ကီလိုဂရမ်)ထိ လေးနိုင်တယ်။ အေရီးခေါ် လင်းယုန်ငှက်သိုက်ကို လင်းယုန်ငှက်တွေက သူတို့ရဲ့ ကျန်သမျှဘဝတာ မသေခင်ကာလမှာ အသုံးပြုကြမှာဖြစ်ပါတယ်။ (တစ်နှစ်ကုန်သွားပြီးနောက်) နှစ်တိုင်းနှစ်တိုင်းမှာ လင်းယုန်ငှက်မောင်နှံဟာ သူတို့ရဲ့အသိုက်ကို ထပ်မံပေါင်းစပ် တည်ဆောက်ပါလိမ့်မယ်။ ဘာကြောင့်ဆို ပိုမိုတိုးပွားများပြားလာမယ့် အကောင်ပေါက်ကလေးတွေကို ကျွေးမွေးပြုစုစောင့်ရှောက်ဖို့ ကြိုတင်ပြင်ဆင်ရတာဖြစ်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LARGEST BIRD WINGSPAN

The Marabou stork has the largest wingspan of any bird. With a wingspan that can reach up to 13 feet (4 m), these large storks weigh up to 20 pounds (9 kg) and can grow up to 5 feet (150 cm) tall. Their long leg and toe bones are actually hollow. This adaptation is very important for flight because it makes the bird lighter. Although marabous eat insects, small mammals, and fish, the majority of their food is carrion_already dead meat. Since these storks need to eat about 1.5 pounds (700 g) of food a day, this makes them an important part of nature's clean-up crew.







## ကမ္ဘာ့အကြီးဆုံးငှက်တောင်ပံ

မယ်ရာဘူငှက်ကျားမှာ ဘယ်ငှက်မဆိုထက်ကြီးမားတဲ့ငှက်တောင်ပံရှိတယ်။ (ဖြန့်လိုက်ရင်) တောင်ပံအကွာအဝေးဟာ ၁၃ ပေ (၄ မီတာ) ထိရောက်ရှိနိုင်တယ်။ ဒီကြီးမားတဲ့ငှက်ကျားကြီးတွေဟာ ပေါင် ၂၀ (၉ကီလိုဂရမ်)ထိ အလေးချိန်ရှိပြီး ၅ ပေ (၁၅၀ စင်တီမီတာ)အမြင့်ထိ အရပ်အမောင်းရှိနိုင်ပါတယ်။ သူတို့ရဲ့ ရှည်လျားတဲ့ခြေထောက်နဲ့ ခြေညှိုးအရိုးတွေဟာ တကယ်တော့ ခေါင်းပွတွေဖြစ်နေတယ်။ အဲဒီ (သဘာဝတရားနဲ့ သပ္ပါယ်ဖြစ်အောင်) အလိုက်သင့်ဖြစ်နေမှုက (အဲဒီငှက်တွေ) ပျံသန်းဖို့အတွက် အလွန်အရေးကြီးတယ်။ ဘာကြောင့်ဆို အဲဒီလိုခေါင်းပွဖြစ်နေခြင်းက ငှက်ကိုပိုမိုပြီး ပေါ့ပါးစေတယ်။ မယ်ရာဘူငှက်ကျားတွေဟာ အင်ဆက်ပိုးကောင်တွေ၊ နို့တိုက်သတ္တဝါ အငယ်စားတွေ၊ ငါးတွေကိုစားတယ်ဆိုပေမယ့်. . . . သူတို့ရဲ့ အစားအစာအများစုဟာ အသေကောင်ပုပ်တွေဖြစ်တယ်။ အဲဒီငှက်ကျားတွေဟာ တစ်နေ့တစ်နေ့မှာ အစားအစာ ၁.၅ ပေါင် (၇၀၀ ဂရမ်)လောက်စားဖို့ လိုအပ်တဲ့အတွက် အစာဝအောင် အသေကောင်ပုပ်တွေရှာစားရတယ်။ အဲဒီလိုရှာဖွေစားသောက်မှုက သူတို့ကို သဘာဝလောကအား စင်ကြယ်အောင်လုပ်ပေးတဲ့ . . . အရေးပါတဲ့ သန့်ရှင်းရေးအဖွဲ့သားတွေဖြစ်သွားစေပါတယ်။



www.burmeseclassic.com



## WORLD'S SMALLEST BIRD

From the tip of its bill to the end of its tail, the male bee hummingbird measures barely 2.5 inches (6.3cm) long. In fact, its tail and bill alone make up one-half of the bird's length, which is about equal to the width of a baseball card. Bee hummingbirds, which weigh only about .07 ounce (2 g), are also able to beat their wings at speeds of up to 80 times per second. Like most other hummingbirds, they are able to fly forward, backward, and straight up and down. They also have the unique ability to hover in midair. These tiny flying creatures are found in Cuba and on the Isle of Pines in the South Pacific.








## ကမ္ဘာ့အငယ်ဆုံးငှက်

သူ့ရဲ့နှုတ်သီးအဖျားကနေ သူ့ရဲ့အမြီးအဆုံးထိ ပျားငှက်ပိတုန်း အဖိုရဲ့ အတိုင်းအတာဟာ ၂.၅ လက်မ (၆.၃ စင်တီမီတာ) သာ ရှည်လျားပါတယ်။ တကယ်တော့ သူ့ရဲ့အမြီးနဲ့ သူ့ရဲ့နှုတ်သီးချည်းသက်သက်က ငှက်ရဲ့ အရှည်အလျားရဲ့ တစ်ဝက်ဖြစ်နေပါတယ်။ ဘေ့ဘောကတ်ရဲ့ ဖြက်နဲ့အတူတူ လောက်ရှိပါတယ်။ ပျားငှက်ပိတုန်းတွေရဲ့ အလေးချိန်က ．၀၇ အောင်စ (၂ ဂရမ်) လောက်သာလေးပါတယ်။ ဒါပေမဲ့ သူတို့ဟာ သူတို့ရဲ့အတောင်ပံတွေကို တစ်စက္ကန့်မှာ အကြိမ် ၈၀ ထိ တောင်ပံခတ်နိုင် စွမ်းရှိပါတယ်။ အခြားငှက်ပိတုန်းအများစုလိုပဲ. . . . သူတို့ဟာ ရှေ့ ဘက်ကိုရော၊ နောက်ဘက်ကိုပါ ပျံသန်းနိုင်တယ်။ အပေါ်နဲ့အောက် တည့်တည့်ကိုလည်း ပျံသန်းနိုင်တယ်။ လေထုထဲမှာ ရစ်ဝဲနေနိုင်တဲ့ ထူးခြားတဲ့စွမ်းရည်လည်းရှိတယ်။ ဒီသေးငယ်ပြီး ပျံသန်းနိုင်တဲ့သတ္တဝါလေးတွေကို ကျူးဘားနဲ့ တောင်ပစိဖိတ်ထဲက ပိုင်းစ်ကျွန်းပေါ်မှာ တွေ့နိုင်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LARGEST BIRD EGG

An ostrich egg can measure 5 inches by 6 inches (13 cm by 16 cm) long and weigh up to 4 pounds (1.8kg). In fact, just one ostrich egg equals up to 24 chicken eggs. The egg yolk makes up one-third of the volume. Although the egg shell is only 2 mm thick, it is tough enough to withstand the weight of a 345-pound (157-kg) ostrich. A hen ostrich can lay from 10 to 70 eggs each year. Females usually are able to recognize their own eggs, even when they are mixed in with those of other females in their shared nest.








## ကမ္ဘာ့အကြီးဆုံးငှက်ဥ

ငှက်ကုလားအုတ်ဥတစ်လုံးဟာ ၅ လက်မ၊ ၆ လက်မ (၁၃ စင်တီမီတာ၊ ၁၆ စင်တီမီတာ)အရှည်ရှိပါတယ်။ အလေးချိန်အားဖြင့် ၄ ပေါင် (၁.၈ ကီလိုဂရမ်)ထိလေးပါတယ်။ တကယ်တော့ ငှက်ကုလားအုတ် ဥတစ်လုံးဟာ ကြက်ဥ ၂၄ လုံးနဲ့ညီမျှပါတယ်။ ဥအနှစ်က ငှက်ဥပမာဏရဲ့ သုံးပုံတစ်ပုံရှိပါတယ်။ ဥအကာက ၂ မီလီမီတာသာထူပေမယ့် ၃၄၅ ပေါင် (၁၅၇ ကီလိုဂရမ်)လေးတဲ့ ငှက်ကုလားအုတ်ရဲ့ အလေးချိန်ကိုခံနိုင်လောက်အောင် အကြမ်းခံနိုင်တယ်။ ငှက်ကုလားအုတ်မတစ်ကောင်ဟာ တစ်နှစ်မှာဥပေါင်း ၁၀ ဥကနေ ဥ ၇၀ အထိ ဥနိုင်ပါတယ်။ ငှက်ကုလားအုတ်မတွေဟာ အခြားငှက်ကုလားအုတ်မတွေနဲ့ အတူပူးပေါင်းပြီး အသိုက်တစ်ခုထဲမှာနေထိုင်လို့ ...ဥတွေရောနှော နေစေကာမူသူတို့ဥထားတဲ့ဥတွေကို သူတို့မှတ်မိနိုင်စွမ်းရှိပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## INSECT WITH THE MOST LEGS

Illacme plenipes– a species of millipede found in California– has 750 legs, making it the most-legged creature in the world. Even though the name millipede actually means "thousand legs," most species have fewer than 300 legs. All millipedes have two pairs of legs per body segment that move together, meaning that the first pair of legs can be doing something different than a pair three rows back. Although millipedes have only a few segments at birth, they add several segments each time they molt–or shed. A mature millipede averages about 50 segments, or 100 legs.








## ခြေထောက်အများဆုံးရှိသော အင်းဆက်ပိုးကောင်

ကာလီဖိုးနီးယားမှာတွေ့ရတဲ့ **မီလီပိဒ်** (ပိုးနသန်ကောင်) မျိုးစိတ်ဝင် **အီလ်ကမီ ပလဲန်နိက်ပ်စ်** အင်းဆက်ပိုးကောင်မှာ ခြေထောက်အချောင်းပေါင်း (၇၅၀)ရှိတဲ့အတွက် ကမ္ဘာပေါ်မှာ ခြေထောက်အများဆုံး သတ္တဝါဖြစ်လာပါတယ်။ **မီလီပိဒ်** ဆိုတဲ့အမည်ရဲ့ တကယ့်ဆိုလိုချက်က **ခြေထောက်တစ်ထောင်လို့** အဓိပ္ပါယ်ရပါတယ်။ ဒါပေမဲ့ (အဲဒီအင်းဆက်) မျိုးစိတ်အများစုမှာ ခြေထောက် (၃၀၀)လောက်အောက်မှာပဲရှိပါတယ်။ (ပိုးနသန်) **မီလီပိဒ်** အားလုံးရဲ့ အတူတကွ လှုပ်ရှား... ရွေ့လျားတဲ့ ခန္ဓာကိုယ်အစိတ်အကန့်တစ်ခုစီတိုင်းမှာ ခြေထောက် နှစ်စုံစီရှိပါတယ်။ ဆိုလိုတာက ပထမခြေထောက်အစုံဟာ နောက်ဘက်(ခန္ဓာကိုယ်) သုံးစိတ် မြောက်မှာရှိတဲ့ ခြေထောက်အစုံနဲ့မတူတဲ့ လုပ်ဆောင်မှုကို (သီးခြားစီ) လုပ်ဆောင်နိုင်တယ်ဆိုတာပါပဲ။ **မီလီပိဒ်** တွေဟာ မွေးကာစက ခန္ဓာကိုယ် အစိတ်အကန့်အနည်းငယ်သာရှိပေမယ့်... သူတို့တွေ အရေခွံတစ်ကြိမ်လဲတိုင်း (ခန္ဓာကိုယ်) အစိတ်အပိုင်းအချို့ ထပ်တိုးလာတယ်။ အရွယ်ရောက်ပြီးတဲ့ **မီလီပိဒ်** အင်းဆက်တစ်ကောင်မှာ ပျမ်းမျှခန္ဓာကိုယ် အစိတ်အပိုင်း (၅၀)လောက်ရှိတယ်။ တစ်နည်းအားဖြင့် ခြေထောက်အချောင်း (၁၀၀) ရှိပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LARGEST SPIDER

A Goliath birdeater can grow to a total length of 11 inches (28 cm) and weigh about 6 ounces (170 g). A Goliath's spiderlings are also big – They can have a 6-inch (15-cm) leg span after just one year. These giant tarantulas are found mostly in the rain forests of Guyana, Suriname, Brazil, and Venezuela. The Goliath birdeater's name is misleading–they commonly eat insects and small reptiles. Similar to other tarantula species, the Goliath birdeater lives in a burrow. The spider will wait by the opening to ambush prey that gets too close.








## ကမ္ဘာ့အကြီးဆုံးပင့်ကူ

ဂလိုင်းလတ် ငှက်စားပင့်ကူဟာ စုစုပေါင်းအလျား ၁၁ လက်မ (၂၈ စင်တီမီတာ)ထိ ကြီးထွားနိုင်ပြီး အလေးချိန်အားဖြင့် ၆ အောင်စ (၁၇၀ ဂရမ်)လောက်ရှိနိုင်ပါတယ်။ ဂလိုင်းလတ်ပင့်ကူငယ်ကလေးတွေဟာလည်း ကြီးထွားတာပါပဲ။ တစ်နှစ်လောက်အတွင်းမှာ ခြေထောက်အလျား ၆ လက်မ (၁၅ စင်တီမီတာ)ထိရှိနိုင်တယ်။ ဒီ ရောမ ထရန်ကျူလာ ပင့်ကူကြီးတွေကို များသောအားဖြင့် ... ဂူယာနာ၊ ဆူရီနာမီ၊ ဘရာဇီးလ် နဲ့ ဗဲနီဇွဲလား နိုင်ငံများရှိ စွတ်စိုသစ်တောကြီးတွေထဲမှာ တွေ့ရှိနိုင်ပါတယ်။ ဂလိုင်းလတ်ငှက်စားပင့်ကူ ဆိုတဲ့အမည်ကိုက အထင်အမြင်လွဲမှားစေတဲ့ အမည်နာမဖြစ်ပါတယ်။ သူတို့ဟာ များသောအားဖြင့် အင်းဆက်ပိုးမွှားတွေနဲ့ သေးငယ်တဲ့ တွားသွားသတ္တဝါလေးတွေကို စားတာဖြစ်တယ်။ အခြားသော ထရန်ကျူလာမျိုးစိတ်တွေလိုပဲ ... ဂလိုင်းလတ် ငှက်စားပင့်ကူ ဟာမြေတွင်းတစ်တွင်းမှာ နေထိုင်တယ်။ အဲဒီပင့်ကူဟာ (မိမိအနီးသို့) နီးကပ်စွာရောက်လာတဲ့ သားကောင်ကို အလစ်ဖမ်းဆီးစားသောက်ဖို့ မြေတွင်းအဝနားမှာစောင့်ဆိုင်းပြီး (သားကောင်ကို ချောင်း)နေမှာ ဖြစ်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S FASTEST FLYING INSECT

The average hawk moth–which got its name from its swift and steady flight–can cruise along at speeds of up to 33 miles (53 km) per hour. That's faster than the average speed limit on most city streets. Although they are found throughout the world, most species live in tropical climates. Also known as the sphinx moth and the hummingbird moth, this large insect can have a wingspan that reaches up to 8 inches (20 cm). When alarmed, one species can produce loud squawking noises by blowing air through its tongue.








## ကမ္ဘာ့ … အမြန်ဆုံးပျံသန်းနိုင်သော အင်းဆက်

မြန်မြန်နဲ့ မှန်မှန်ပျံသန်းနိုင်တဲ့အတွက် အဲဒီပိုးကောင်ဟာ ဟော့ခ်မော့သ် (သိမ်းငှက်ပိုးကောင်) ဆိုတဲ့အမည်ကို ရရှိတာဖြစ်ပါတယ်။ အဲဒီ ပိုးကောင်ဟာ ပျမ်းမျှတစ်နာရီကို ၃၃ မိုင် (၅၃ ကီလိုမီတာ) နှုန်းနဲ့ အရှိန်မှန်မှန် ပျံသန်းနိုင်ပါတယ်။ အဲဒီနှုန်းဟာ (ကမ္ဘာ့) မြို့ကြီးအများ စုမှာသတ်မှတ်ထားတဲ့ မြို့တွင်းမောင်းနှင်ရမယ့်နှုန်းထက် ပိုပြီးမြန်ပါတယ်။ အဲဒီ ပိုးကောင်တွေကို ကမ္ဘာတစ်ခွင်မှာတွေ့ရှိရပေမယ့် … မျိုးစိတ်အများစုကတော့ အပူပိုင်းရာသီဥတု ရှိတဲ့ဒေသတွေမှာ နေထိုင်ကြပါတယ်။ စဖင့်ပိုးကောင်၊ ငှက်ပိတုန်းပိုးကောင် လို့လည်းအသိများကြပါတယ်။ ဒီ… ကြီးမားတဲ့ အင်းဆက်ပိုးကောင်မှာ တောင်ပံအလျား (၈)လက်မ (၂၀ စင်တီမီတာ) အထိရှိနိုင်ပါတယ်။ အထိတ်တလန့် ဖြစ်တဲ့အခါမှာ … မျိုးစိတ်တစ်မျိုးဟာ ကျယ်လောင်တဲ့ စူးစူးရှရှ အော်သံကိုသူ့ရဲ့လျှာမှ တစ်ဆင့်လေထဲသို့ မှုတ်ထုတ်ပြီး အော်မြည်နိုင်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LONGEST INSECT

Measuring more than 22 inches (56 cm) in length, the tropical stick insect is almost the same size as an average television screen. All together, there are about 2,000 species of stick insects. They feed on plants and are mostly nocturnal. Most have long, thin brown or green bodies. Their twiglike appearance camouflages them well. When they are still, stick insects look just like part of a plant or tree. Their eggs are also camouflaged and look like tiny, hard seeds. All stick insects have the ability to grow back a leg or antenna that has broken off.








## ကမ္ဘာ့ အရှည်လျားဆုံးအင်းဆက်ပိုးကောင်

အရှည်အလျား ၂၂ လက်မ (၅၆ စင်တီမီတာ) ကျော်ကျော် အတိုင်းအတာရှိတဲ့ အပူပိုင်းဒေသ (တားခုတ်ကောင် .... ရှိုးကောင် ခေါ်) တုတ်ချောင်းကောင်ရဲ့ အရွယ်အစားဟာ ရုပ်မြင်သံကြား စက်ဖန်သားပြင်ရဲ့ ပျမ်းမျှအရွယ်အစား အရှည်အလျားနဲ့ထပ်တူနီးပါးရှိပါတယ်။ အားလုံးစုစုပေါင်း တုတ်ချောင်းကောင်မျိုးစိတ်ပေါင်း ၂,၀၀၀ လောက်ရှိပါတယ်။ သူတို့ဟာ အပင်တွေကို စားသုံးပြီး ... များသောအားဖြင့် ညဘက်မှာ ကျက်စားတဲ့ သတ္တဝါတွေဖြစ်ပါတယ်။ ဒီအင်းဆက်အများစုမှာ ရှည်လျားသေးသွယ်တဲ့ အညိုရောင်သို့မဟုတ် အစိမ်းရောင်ခန္ဓာကိုယ်တွေရှိတယ်။ သူတို့ရဲ့ သစ်ခက်နဲ့တူတဲ့ သွင်ပြင်ပုံပန်းက သူတို့ကို ပတ်ဝန်းကျင်နဲ့ တသားတည်း ထင်ရအောင် ကောင်းကောင်းကိုယ်ယောင်ဖျောက်ပေးတယ်။ သူတို့တွေ ငြိမ်နေတဲ့အခါဆိုရင်... တုတ်ချောင်းကောင်ဟာ အပင်တစ်ပင် (သို့) သစ်ပင်တစ်ပင်ရဲ့ အစိတ်အပိုင်းနဲ့ တထေရာတည်း ချွတ်စွတ်တူပါတယ်။ သူတို့ရဲ့ ဥတွေကလည်း ပတ်ဝန်းကျင်နဲ့ တသားတည်းဖြစ်ပြီး ... သေးငယ်မာကျောတဲ့ မျိုးစေ့ကလေးတွေနဲ့ တူပါတယ်။ တုတ်ချောင်းကောင်အားလုံးမှာ ခြေထောက် တစ်ချောင်း သို့မဟုတ် အာရုံခံအမျှင်တစ်ခုကျိုးပဲ့သွားရင် ... အစားပြန် လည်ပေါက်ရောက်နိုင်တဲ့ စွမ်းရည်ရှိပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S SMALLEST FISH

The dwarf pygmy goby is the world's smallest fish, measuring only .5 inch (13 mm) long at the most. It is also one of the smallest living animals with a backbone. Unlike most gobies, this species lives in freshwater and can be found mainly in the Philippines. These fish must, however, swim to saltwater to breed and hatch their eggs. Gobies usually lay only a few eggs at a time and sometimes care briefly for their young, which are called ipon.








## ကမ္ဘာ့အသေးငယ်ဆုံးငါး

ဂိုဘီငါးအကောင်သေးမျိုးဟာ ကမ္ဘာ့အသေးငယ်ဆုံးငါးဖြစ်ပါတယ်။ အတိုင်းအတာအားဖြင့် . ၅ လက်မ(၁၃ မီလီမီတာ) အရှည်ဟာ အစွမ်းကုန်ပါပဲ။ အဲဒီငါးဟာ ကျောရိုးတစ်ချောင်းတည်းရှိ အသေးငယ်ဆုံး သက်ရှိတိရစ္ဆာန်များအနက် တစ်ကောင်လည်းဖြစ်ပါတယ်။ အခြား ဂိုဘီငါးများနဲ့ မတူဘဲ.. ဒီမျိုးစိတ်တွေဟာ ရေချိုမှာနေထိုင်ကြပါတယ်။ သူတို့ကို ဖိလစ်ပိုင်မှာ အများဆုံးတွေ့ကြရပါတယ်။ ဒါပေမဲ့ ... ဒီငါးလေးတွေဟာ (သားပေါက်ရန်) ဥချဖို့နဲ့ သူတို့ရဲ့ဥတွေကနေ အကောင်လေးတွေ ပေါက်လာစေဖို့အတွက် ရေငန်(ရှိတဲ့ဒေသ)ကိုလည်း ကူးခတ်သွားလာရပါတယ်။ ဂိုဘီငါးတွေဟာ တစ်ကြိမ်တစ်ကြိမ်မှာ ဥအနည်းငယ်ပဲ ဥပါတယ်။ တစ်ခါတစ်ရံမှာတော့ အိုင်ပွန်ခေါ်တဲ့ ... သူတို့ရဲ့သားပေါက်ကလေးတွေကို ခေတ္တခဏမျှ ပြုစုစောင့်ရှောက် (နေထိုင်)ကြပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S BIGGEST FISH

Whale sharks grow to an average of 30 feet (9 m) in length, but many have been known to reach up to 60 feet (18 m) long. That's the same length as two school buses! Whale sharks also weigh an average of 50,000 pounds (22,680 kg). As with most sharks, the females are larger than the males. Their mouths measure about 5 feet (1.5 m) long and contain about 3,000 teeth. Amazingly, these gigantic fish eat only microscopic plankton and tiny fish. They float near the surface looking for food.








## ကမ္ဘာ့အကြီးဆုံးငါး

ဝေလငါးမန်းတွေဟာ ပျမ်းမျှအားဖြင့် ပေ ၃၀ (၉ မီတာ)အရှည် အလျားအထိ ကြီးထွားပါတယ်။ ဒါပေမဲ့ (တော်တော်) များများကတော့ ပေ ၆၀ (၁၈ မီတာ) အရှည်အလျားထိရောက်ရှိတယ်လို့ သိရှိရပါတယ်။ အဲဒီ အတိုင်းအတာဟာ ကျောင်း(ပို့ကျောင်းကြို) ဘတ်စ်ကားနှစ်စီးစာရဲ့ အလျားနဲ့ ညီမျှပါတယ်။ ဝေလငါးမန်းတွေဟာ အလေးချိန်အားဖြင့် ပျမ်းမျှ ပေါင် ၅၀,၀၀၀ (၂၂၆၈၀ ကီလို) လေးပါတယ်။ ငါးမန်းတွေ အများစုလိုပါပဲ . . . ငါးအမတွေက၊ ငါးအထီးတွေထက် အရွယ်အစားအားဖြင့်ပိုမိုကြီးမားကြပါတယ်။ သူတို့ရဲ့ ပါးစပ် တွေဟာ ၅ ပေ (၁.၅ မီတာ)လောက်ထိ ရှည်လျားတဲ့အတိုင်းအတာရှိပြီး သွားအချောင်းပေါင်း ၃၀၀၀ ပါရှိပါတယ်။ အံ့သြဖွယ်ကောင်းတာက . . . အလွန်ကြီးမားတဲ့ ဒီရေမငါးကြီးတွေဟာ သေးငယ်မှုန်မွှားတဲ့ (အပင်၊ အကောင်)မျောလှေးတွေနဲ့ သေးငယ်တဲ့ ငါးကလေးတွေကိုသာ စားသောက်တာ ဖြစ်ပါတယ်။ သူတို့ဟာ အစာရှာရင်းနဲ့ ရေမျက်နှာပြင်နားမှာ မျှောနေတတ်ပါ တယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S FASTEST FISH

Although it is difficult to measure the exact speed of fish, a sailfish once grabbed a fishing line and dragged it 300 feet (91 m) away in just 3 seconds. That means it was swimming at an average speed of 69 miles (109 km) per hour– just higher than the average speed limit on the highway! Sailfish are very large– they average 6 feet (1.8 m) long, but can grow up to 11 feet (3.4 m). Sailfish eat squid and surface–dwelling fish. Sometimes several sailfish will work together to catch their prey.








## ကမ္ဘာ့အမြန်ဆုံးငါး

ငါးတစ်ကောင်ရဲ့ (ကူးခတ်တဲ့) အမြန်နှုန်းအတိအကျကို တိုင်းတာဖို့ခက်ပေမယ့် ... တစ်ခါတုန်းကတော့ **ဆေးလိပ်ဖစ်ရှ်** ငါးတစ်ကောင်ဟာ ငါးတန်းချကြိုးတစ်ချောင်းကို (ကိုက်) ယူပြီး ၃ စက္ကန့်အတွင်း ပေ ၃၀၀ (၉၁ မီတာ) အဝေးသို့ အတင်းဆွဲပြေးဖူးတယ်။ ဆိုလိုတာက အဲဒီငါးဟာ တစ်နာရီမှာ ပျမ်းမျှ ၆၉ မိုင် (၁၀၉ ကီလိုမီတာ)နှုန်းနဲ့ ကူးခတ်(နေ)ခဲ့တယ်ဆိုတာပါပဲ။ (အဲဒီနှုန်းဟာ) အဝေးပြေးလမ်းမကြီးပေါ်တွင် တစ်နာရီမှာ မောင်းနှင်ရန် ကန့်သတ်ထားတဲ့ ပျမ်းမျှမိုင်နှုန်းထက်ပိုများပါတယ်။ **ဆေးလိပ်ဖစ်ရှ်** ငါးတွေဟာ အလွန်ကြီးမားတယ်...။ သူတို့ဟာ ပျမ်းမျှ ၆ ပေ (၁.၈ မီတာ)ရှည်လျားပါတယ်။ ဒါပေမဲ့ ... ၁၁ပေ (၃.၄ မီတာ)ထိ ကြီးထွားနိုင်ပါတယ်။ **ဆေးလိပ်ဖစ်ရှ်** ငါးတွေဟာ ပြည်ကြီးငါးတွေနဲ့ ရေမျက်နှာပြင်ပေါ်မှာ မှီတင်းနေထိုင်တဲ့ ငါးတွေကို စားသောက်ပါတယ်။ တစ်ခါတစ်ရံ ... **ဆေးလိပ်ဖစ်ရှ်** ငါးအချို့ဟာ သူတို့ရဲ့ သားကောင်ကို ဖမ်းဖို့အတွက် အတူတကွ (ပူးပေါင်း) လုပ်ကိုင်ကြပါလိမ့်မယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S SLOWEST FISH

Sea horses move around the ocean at just .001 miles (.002 km) per hour. At that rate of speed, it would take the fish about an hour to swim only 50 feet (15 m). Sea horses spend most of their time near the shore. There, they can hold on to plants with their tails. This helps them avoid enemies. Approximately 50 different species of sea horses are found throughout the world. However, due to over-harvesting, the sea horse population has decreased by up to 95%. Poachers catch sea horses to stock aquariums and also to use as medicines in some countries.








## ကမ္ဘာ့အနှေးဆုံးငါး

ရေမြင်း(ရေနဂါး)တွေဟာ သမုဒ္ဒရာထဲမှာ လှုပ်ရှားသွားလာတဲ့အခါ တစ်နာရီမှာ .၀၀၁ မိုင် (.၀၀၂ ကီလိုမီတာ)သာလျှင် လှုပ်ရှားသွားလာနိုင်ပါတယ်။ အဲဒီအရှိန်အဟုန်နှုန်းထားအရဆိုရင် ပေ ၅၀ (၁၅ မီတာ) ခရီးကို ကူးခတ်ဖို့အတွက် (အဲဒီ) ငါးဟာ တစ်နာရီလောက် အချိန်ယူရပါလိမ့်မယ်။ ရေမြင်း (ရေနဂါး)တွေဟာ ကမ်းခြေကမ်းစပ်နားမှာ . . . သူတို့ရဲ့ အချိန်အများစုကို ကုန်လွန်စေပါတယ်။ အဲဒီနေရာမှာ သူတို့တွေက . . . သူတို့ရဲ့အမြီးတွေနဲ့ အပင်ငယ်လေးတွေကို တွယ်ထားနိုင်ပါတယ်။ အဲဒီလို တွယ်ထားခြင်းက . . . သူတို့ကို ရန်သူတွေနဲ့မတွေ့အောင် အကူအညီပေးပါတယ်။ ကမ္ဘာတစ်လွှားမှာ မတူညီတဲ့ ရေမြင်း (ရေနဂါး) မျိုးစိတ်ပေါင်း ခန့်မှန်းခြေအားဖြင့် ၅၀ ခန့်ရှိပါတယ်။ ဒါပေမဲ့ သူတို့ကို တရားလွန်အလွန်အမင်းဖမ်းဆီးခြင်းကြောင့် . . . ရေမြင်း (ရေနဂါး)တွေရဲ့ အရေအတွက်ဟာ ၉၅% ထိလျော့နည်းကျဆင်းခဲ့ရပါပြီ။ ငါးဖမ်းသမားတွေက ရေမြင်း(ရေနဂါး)တွေကို ငါးပြတိုက်တွေမှာ ထားရှိဖို့ဖမ်းဆီးကြတယ်။ ပြီးတော့ အချို့တိုင်းပြည်တွေမှာ ဆေးဝါးအဖြစ်သုံးစွဲဖို့လည်း ဖမ်းဆီးကြပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S DEADLIEST SNAKE

One African black mamba snake bite releases a venom powerful enough to kill up to 200 humans. A bite from this snake is almost always fatal if it is not treated immediately. This large member of the cobra family grows to about 14 feet (4.3m) long. In addition to its deadly poison, it is also a very aggressive snake. It will raise its body off the ground when it feels threatened. It then spreads its hood and strikes swiftly at its prey with its long front teeth. Depending on its age, it can range in color from gray to green to black.








## ကမ္ဘာ့(အဆိပ်အပြင်းဆုံး)သေစေနိုင်ဆုံးမြွေ

အာဖရိကတိုက် မာမ်ဗာမြွေနက်တစ်ကောင် တစ်ခါကိုက်မှာ ထုတ်လွှတ်တဲ့အဆိပ်တစ်ခါထုတ်ဟာ လူ ၂၀၀ ထိသေစေနိုင်အောင် ပြင်းထန်အားကောင်းပါတယ်။ ဒီမြွေတစ်ခါကိုက်ခံရရင် ချက်ချင်း (ကုသရပါမယ်) ချက်ချင်းသာမကုသရင်တော့ သေစေနိုင်ပါတယ်။ မြွေဟောက်မျိုးနွယ်စုဝင် ဒီကြီးမားတဲ့မြွေကြီးဟာ ၁၄ ပေ (၄.၃မီတာ) လောက်ထိရှည်လျား ကြီးထွား နိုင်ပါတယ်။ သေစေလောက်အောင် ပြင်းထန်တဲ့ သူ့ရဲ့ အဆိပ်အပြင် အလွန်တရာ ရန်လို (ရန်မူတတ်)တဲ့ မြွေလည်းဖြစ်ပါတယ်။ သူမကျေနပ်ဘူး။ မနှစ်မြို့ဘူးဆိုရင် (သူ့ကို ခြိမ်းခြောက်တယ်ဆိုရင်) သူ့ရဲ့ ခန္ဓာကိုယ်ကို မြေပြင်ကနေ မတ် မတ်ထောင်ပြီးမော့မယ်၊ အဲဒီနောက် သူ့ပါးပျဉ်းကို ဖြန့်ပြီး သူ့ရဲ့ရှည်လျားတဲ့ ရှေ့သွားနှစ်ချောင်းနဲ့ သူ့ရဲ့သားကောင်ကို အလျင်အမြန်ပေါက်ထည့် (တတ်) ပါတယ်။ သူ့ရဲ့အသက်အရွယ်ပေါ်မူတည်ပြီး သူ့ရဲ့အရောင်ဟာ မြာနှမ်းနှမ်း ခဲရောင်ကနေ အစိမ်းရောင်၊ အနက်ရောင်တို့ဆီ ပြောင်းနိုင်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S MOST DEADLY AMPHIBIAN

Poison dart frogs are found mostly in the tropical rain forests of Central and South America, where they live on the moist land. These lethal amphibians have enough poison in their skin to kill up to 20 adult humans. A dart frog's poison is so effective that native Central and South Americans sometimes coat their hunting arrows or hunting darts with it. These brightly colored frogs can be yellow, orange, red, green, blue, or any combination of these colors and measure only .5 to 2 inches (1 to 5 cm) long. They feed mostly on beetles, ants, termites, and other insects by capturing them with their sticky tongues.








## ကမ္ဘာ့(အဆိပ်အပြင်းဆုံး)သေစေနိုင်ဆုံး ကုန်းနေရေနေ သတ္တဝါ

အဆိပ်ပြင်းတဲ့ ဒတ် ဖားတွေကို အမေရိကတိုက်အလယ်ပိုင်းနဲ့ တောင်ပိုင်းဒေသတွေရှိ သစ်တောကြီးတွေထဲမှာ အများဆုံးတွေ့ရှိရပါတယ်။ အဲဒီသစ်တောတွေအတွင်း စိုထိုင်းတဲ့နေရာတွေမှာ သူတို့နေထိုင်ကြပါတယ်။ ဒီသေစေနိုင်တဲ့ ကုန်းနေရေနေသတ္တဝါတွေရဲ့ အရေပြားထဲမှာ အဆိပ်တွေရှိတယ်။ အဲဒီအဆိပ်တွေက အရွယ်ရောက်ပြီးတဲ့လူကြီး ၂၀ လောက်ထိသေစေနိုင်ပါတယ်။ ဒတ်ဖား တစ်ကောင်ရဲ့အဆိပ်က သိပ်ထိရောက်တဲ့အတွက် အမေရိကန် အလယ်ပိုင်းနဲ့တောင်ပိုင်းမှာ နေထိုင်သူဒေသသားတွေဟာ သူတို့ရဲ့အမဲလိုက်မြားတွေ၊ အမဲလိုက်လှံတိုတွေကို အဲဒီအဆိပ်နဲ့ သုတ်လိမ်းကြတယ်။ ဒီတောက်တောက်ပပအရောင်ရှိတဲ့ဖားတွေဟာ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်၊ အစိမ်းရောင်၊ အပြာရောင် (သို့မဟုတ်) အဲဒီအရောင်တွေထဲက ဘယ်အရောင်နဲ့မဆို ပေါင်းစပ်ထားတဲ့အရောင် (တစ်ရောင်ရောင်)ဖြစ်နိုင်ပါတယ်။ အတိုင်းအတာအားဖြင့် ·၅ မှ ၂ လက်မ (၁ မှ ၅ စင်တီမီတာ)ထိ ရှည်လျားနိုင်ပါတယ်။ သူတို့ ဟာ အဓိကအားဖြင့် ပိုးတောင်မာတွေ၊ ပုရွက်ဆိတ်တွေ၊ ခြတွေနဲ့ အခြားအင်ဆက်ပိုးကောင်တွေကို သူတို့ရဲ့ စေးကပ်တဲ့လျှာတွေနဲ့ ဖမ်းယူပြီး စားသောက်ကြပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LONGEST SNAKE

The average adult reticulated python is about 17 feet (5 m) long, but some can grow to more than 27 feet (8.2 m) in length. That's almost the length of an average school bus. These pythons live mostly in Asia, from Myanmar to Indonesia to the Philippines. The python has teeth that curve backward and can hold the snake's prey still. It hunts mainly at night and will eat mammals and birds. Reticulated pythons are slow-moving creatures that kill their prey by constriction, or strangulation.








## ကမ္ဘာ့အရှည်လျားဆုံးမြွေ

အရွယ်ရောက်ပြီးတဲ့ သာမန်ကွန်ရက်ပုံ အကွက်အကွက်နဲ့ စပါးအုံးမြွေဟာ ၁၇ ပေ (၅ မီတာ)ရှည်လျားပါတယ်။ ဒါပေမဲ့ အချို့စပါးအုံးမြွေတွေဟာ အရှည်အလျား ၂၇ ပေ (၈.၂ မီတာ) ကျော်ကျော်ကြီးထွားနိုင်ပါတယ်။ အဲဒီအတိုင်းအတာဟာ သာမန်ပျမ်းမျှ ကျောင်းဘတ်စ်ကားတစ်စီးရဲ့ အရှည်အလျားနီးပါးရှိပါတယ်။ ဒီစပါးအုံးမြွေတွေဟာ များသောအားဖြင့် မြန်မာနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံထိ အာရှနိုင်ငံတွေမှာ နေထိုင်ကြပါတယ်။ စပါးအုံးမြွေမှာ နောက်ဘက်သို့ ကွေးနေတဲ့သွားတွေရှိတယ်။ ပြီးတော့ သူ့ရဲ့ သားကောင်ကို ငြိမ်နေအောင် ထိန်းထားနိုင်တယ်။ အဲဒီမြွေဟာ အများအားဖြင့် ညဘက်မှာသာ အမဲလိုက်အစာရှာပြီး နို့တိုက်သတ္တဝါတွေနဲ့ ငှက်တွေကိုစားပါတယ်။ ကွန်ရက်ပုံအကွက်အကွက်နဲ့ စပါးအုံးမြွေဟာ လှုပ်ရှားမှုနှေးကွေးတဲ့သတ္တဝါတွေဖြစ်ပြီး သူတို့ရဲ့သားကောင်တွေကို တင်းတင်းကျပ်ကျပ်ဖြစ်ညှစ်ပြီး (သို့မဟုတ်) အသက်ရှူမရအောင် ဖျစ်ညှစ်ပြီးသတ်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LARGEST REPTILE

These enormous reptiles can measure more than 22 feet (6.7 m) long. That's about twice the length of the average car. However, males usually measure only about 17 feet (5 m) long, and females normally reach about 10 feet (3m) in length. A large adult will feed on buffalo, monkeys, cattle, wild boar, and other large mammals. Saltwater crocodiles are found throughout the East Indies and Australia. Despite their name, saltwater crocodiles can also be found in freshwater and swamps. Some other common names for this species are estuarial crocodile and the Indo-Pacific crocodile.








## ကမ္ဘာ့အကြီးဆုံး တွားသွားသတ္တဝါ

ဒီ ကြီးမားတဲ့ ရောမ တွားသွားသတ္တဝါကြီးတွေဟာ အတိုင်းအတာအားဖြင့် ၂၂ ပေ (၆.၇ မီတာ) ကျော်ကျော် ရှည်လျားနိုင်ပါတယ်။ အဲဒီအတိုင်းအတာဟာ သာမန်ကားတစ်စီးရဲ့ နှစ်ဆလောက်ရှိတဲ့ အရှည်အလျားပါပဲ။ ဒါပေမဲ့ အထီးတွေက ၁၇ ပေ (၅ မီတာ)လောက် အတိုင်းအတာထိ ရှည်လျားလေ့ရှိပြီး အမတွေကတော့ ပုံမှန်အားဖြင့် ၁၀ ပေ (၃ မီတာ)လောက်ထိ ရှည်လျားပါတယ်။ အရွယ်ရောက်ပြီးတဲ့ (သတ္တဝါကြီး)တစ်ကောင်ဟာ ကျွဲ၊ မျောက်တွေ၊ ကျွဲနွား တိရစ္ဆာန်တွေ၊ တောဝက်နဲ့ အခြားကြီးမားတဲ့ နို့တိုက်သတ္တဝါတွေကို စားသောက်ပါလိမ့်မယ်။ (ပင်လယ်) ရေငန်မိကျောင်းတွေကို အရှေ့အင်ဒီးစ်နဲ့ ဩစတြေးလျ အနှံ့အပြားမှာ တွေ့ရှိကြရပါတယ်။ သူတို့နာမည်ကို ရေငန်မိကျောင်းလို့ ခေါ်ကြပေမယ့် သူတို့ကို ရေချိုဒေသတွေနဲ့ စိမ့်နဲ့ ရွှံ့ညွန်ပြောင်းရှိတဲ့ဒေသတွေမှာလည်း တွေ့နိုင်ပါတယ်။ ဒီသတ္တဝါမျိုးစိတ်အတွက် အခြားခေါ်ဝေါ်နေကျ နာမည်အချို့ကတော့ (ပင်လယ်) မြစ်ဝကျယ် မိချောင်းနဲ့ အင်ဒိုပစိဖိတ်မိကျောင်းတို့ ဖြစ်ကြပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LONGEST-LIVED REPTILE

Some of these giant reptiles have been known to live for more than 150 years. Galapagos turtles are also some of the largest turtles in the world, weighing in at up to 500 pounds (226 kg). Even at their great size, these turtles can pull their heads, tails, and legs completely inside their shells. Amazingly, Galapagos turtles can go without eating or drinking for many weeks. This is partly because it can take them up to three weeks to digest a meal!








## ကမ္ဘာ့အသက်အရှည်ဆုံး တွားသွားသတ္တဝါ

ဒီ ရောမတွားသွားသတ္တဝါကြီးတွေထဲက အချို့ဟာ နှစ်ပေါင်း ၁၅၀ ကျော်ကျော် အသက်ရှည်တယ်လို့ သိရှိရပါတယ်။ ဂလာပဂိုးလိပ်တွေဟာ ကမ္ဘာ့ အကြီးဆုံးလိပ်တွေလည်းဖြစ်ပါတယ်။ အလေးချိန်အားဖြင့် ပေါင် ၅၀၀ (၂၂၆ ကီလိုဂရမ်)ထိ ရှိပါတယ်။ သူတို့ရဲ့ အရွယ်အစားက ကြီးမားပေမယ့်လည်း ဒီလိပ်တွေဟာ သူတို့ရဲ့ ခေါင်းတွေ၊ အမြီးတွေနဲ့ ခြေထောက်တွေကို သူတို့ရဲ့ လိပ်ခွံထဲလုံးဝရောက်သွားအောင် ဆွဲသွင်းနိုင်ပါတယ်။ အံ့ဩစရာကောင်းတာက ဂလာပဂိုးလိပ်တွေဟာ ဘာမှမစားမသောက်ဘဲ ရက်သတ္တပတ်ပေါင်းများစွာ သွားလာ နေနိုင်ပါတယ်။ ဒါကလည်း တစ်စိတ်တစ်ဒေသအားဖြင့် ဘာကြောင့်လဲဆိုရင် သူတို့ဟာ အစားအစာတစ်ခါစားပြီးရင် အဲဒီအစာကြေညက်ဖို့ အတွက် အချိန် ၃ ပတ်ထိ ကြာမြင့်လို့ ဖြစ်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S TALLEST MOUNTAIN

Towering 29,035 feet (8,850 m) into the air, Mt. Everest's tallest peak is the highest point on Earth. This peak is an unbelievable 5.5 miles (8.8 km) above sea level. Mt. Everest is located in the Himalayas, on the border between Nepal and Tibet. Although it is called Mother Goddess of the Land by Tibetans, the mountain got its official name from surveyor Sir George Everest. In 1953, Sir Edmund Hillary and Tenzing Norgay were the first people to reach the peak.








## ကမ္ဘာ့အမြင့်ဆုံးတောင်

ကောင်းကင်...လေထဲမှာ ၂၉၀၃၅ ပေ (၈၈၅၀ မီတာ) ထိ မိုးနေတဲ့ ဝေရက်တောင်ရဲ့ အမြင့်မားဆုံးတောင်ထိပ်ဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံး ထိပ်ဖျားနေရာဖြစ်ပါတယ်။ အဲဒီတောင်ထိပ်ဟာ မယုံကြည်နိုင်လောက်အောင်ပါပဲ...ပင်လယ်ရေမျက်နှာပြင်အထက် ၅.၅ မိုင် (၈.၈ ကီလိုမီတာ) မှာတည်ရှိပါတယ်။ ဝေရက်တောင်ဟာ နီပေါနဲ့တိဗက်နယ်ခြား...၊ ဟိမဝန္တာတောင်တန်းတွေထဲမှာ တည်ရှိပါတယ်။ အဲဒီတောင်ထိပ်ကို တိဗက်လူမျိုးတွေက "မယ်တော်နတ်သမီးရဲ့မြေ" လို့ ခေါ်ကြပေမယ့်...တရားဝင်နာမည်ကတော့ (ဝေရက်တောင်ပဲဖြစ်ပါတယ်) အဲဒီတောင်တွေကို အသေးစိတ်လေ့လာတိုင်းထွာတဲ့ မြေတိုင်းအဖွဲ့ခေါင်းဆောင်သူ၊ ဆာဂျော့ချ်အဲဗရက်စ် ရဲ့ အမည်ကနေ ရရှိတာဖြစ်ပါတယ်။ ၁၉၅၃ ခုနှစ်က ... ဆာအက်ဒမန် ဟီလာရီ နဲ့ တဲန်ဇင်းနော်ဂေး တို့ဟာ အဲဒီတောင်ထိပ်ကို ပထမဦးဆုံးရောက်ရှိတဲ့လူသားတွေ ဖြစ်ခဲ့ကြပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LONGEST MOUNTAIN CHAIN

The Andes extend for about 5,000 miles (8,050 km) through seven countries of South America—Venezuela, Colombia, Ecuador, Peru, Bolivia, Chile, and Argentina. The Andes also have some of the highest peaks in the world, with more than fifty of them measuring above 20,000 feet (6,100 m). Some of the animals found in the Andes include wild horses; vicunas—members of the camel family; and chinchillas, furry members of the rodent family. The condor—the world's largest bird of prey —also calls these mountains its home.








## ကမ္ဘာ့အရှည်လျားဆုံးတောင်တန်း

အဲန်ဒက်စ်တောင်တန်းဟာ–တောင်အမေရိကတိုက်နိုင်ငံ ခုနစ်နိုင်ငံဖြစ်တဲ့ ဗင်နီဇွဲလား၊ ကိုလံဘီယာ၊ အီကွေဒေါ်၊ ပီရူး၊ ဗိုလီဗီးယား၊ ချီလီနဲ့ အာဂျင်တီးနားတို့ကို ဖြတ်သန်းပြီးမိုင်ပေါင်း ၅၀၀၀ ခန့် (၈၀၅၀ ကီလိုမီတာခန့်) ရှည်လျားပါတယ်။ အဲန်ဒက်စ် တောင်တန်းမှာ ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်အချို့ရှိပါတယ်။ အဲဒီအထဲက တောင်ထိပ် ၅၀ ကျော်ဟာ ပေ ၂၀၀၀၀ (၆၁၀၀ မီတာ) ကျော်မြင့်မားပါတယ်။ အဲန်ဒက်စ်မှာတွေ့ရတဲ့ တိရစ္ဆာန်အချို့အနက်– မြင်းရိုင်းတွေ၊ ဗီကျူနာမျိုးရင်းဝင် (အမွေးကောင်းရှည်ပြီး–ဘို့မပါတဲ့ စားမြုံ့ပြန်တတ်တဲ့) ကုလားအုတ်ငယ်တွေ...၊ အမွေးထူပြီး ရှေ့သွားထက်ထက်နဲ့ ကိုက်ဖြတ်တတ်တဲ့သတ္တဝါမျိုးရင်းဝင်–အမေရိကန်တောင်ပိုင်းရှဉ့်တွေ...၊ ကမ္ဘာ့အကြီးဆုံး–သားကောင် ရှာဖွေထိုးသုတ်တဲ့ ငှက်ရဲ လင်းတအကြီးစားတွေလည်း ပါဝင်ပါတယ်။ သူတို့က ဒီတောင်တန်းတွေကို သူတို့ရဲ့ ရင်သန်ရာဇာတိနေရာတွေလို့ သတ်မှတ်ယူဆကြပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LARGEST OCEAN

The Pacific Ocean covers almost 64 million square miles (166 million sq km) and reaches 36,200 feet (11,000 m) below sea level at its greatest depth— the Mariana Trench (near the Philippines). In fact, this ocean is so large that it covers about one-third of the planet (more than all of Earth's land put together) and holds more than half of all the seawater on Earth, about 6 sextillion (21 zeros) gallons (23 sextillion l). The United States could fit inside this ocean 18 times! Some of the major bodies of water included in the Pacific are the Bering Sea, the Coral Sea, the Philippine Sea, and the Gulf of Alaska.








## ကမ္ဘာ့အကျယ်ဆုံးသမုဒ္ဒရာ

ပစိဖိတ်သမုဒ္ဒရာဟာ စတုရန်းမိုင်ပေါင်း ၆၄ သန်း (စတုရန်းကီလိုမီတာ ၁၆၆ သန်း) နီးပါး ကျယ်ဝန်းပါတယ်။ ပြီးတော့ သူ့ ရဲ့ အနက်ရှိုင်းဆုံးနေရာ–မာရီးယားနားချောက်–မြောင်းကြီး (ဖိလစ်ပိုင်နားတွင်ရှိ)ဟာ ပင်လယ်ရေမျက်နှာပြင်အောက်ပေပေါင်း ၃၆၂၀၀ပေ (၁၁၀၀၀ မီတာ)ထိ နက်ရှိုင်းပါတယ်။ အမှန်တကယ်ကတော့ ဒီသမုဒ္ဒရာဟာ အလွန်တရာကြီးမားကျယ်ပြန့်တဲ့အတွက် ကမ္ဘာဂြိုဟ်ကြီးရဲ့ သုံးပုံတစ်ပုံကို လွှမ်းအုပ်ထားပါတယ်။ (ကမ္ဘာပေါ်ရှိ မြေပြင်အားလုံးကို စုပေါင်းထားတဲ့ပမာဏထက် ပိုမိုကြီးမားပါသေးတယ်)။ ပြီးတော့ ကမ္ဘာပေါ်ရှိ ပင်လယ်ရေအားလုံးရဲ့ ထက်ဝက်ကျော်ကျော်ကိုလည်း ဒီသမုဒ္ဒရာထဲမှာ ထိန်းချုပ်ထားတယ်။ ပင်လယ်ရေ ၆ ဆက်တီလီယံ ((၀)သုည ၂၁ လုံး) ဂါလံ(၂၃ ဆက်တီလီယံ) လောက်ရှိပါမယ်။ အမေရိကတိုက်ကြီးကို အဲဒီသမုဒ္ဒရာထဲထည့်မယ်ဆိုရင်လည်း ဆန့်နိုင်ပါတယ်။ ၁၈ ဆလောက်ထည့်နိုင်ပါတယ်။ ပစိဖိတ်သမုဒ္ဒရာထဲမှာ အဓိကပါဝင်နေတဲ့အရာအချို့ကတော့ –ဘာရင်းပင်လယ်၊ ကိုရယ်ပင်လယ်၊ ဖိလစ်ပိုင်ပင်လယ်နဲ့ အလက်စကာပင်လယ်ကွေ့တို့ဖြစ်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LARGEST DESERT

The Sahara Desert in northern Africa covers approximately 3.5 million square miles (9.1 million sq km). It stretches for 5,200 miles (8,372 km) through the countries of Morocco, Algeria, Tunisia, Libya, Egypt, Mauritania, Mali, Niger, Chad, and Sudan. The Sahara gets very little rainfall—less than 8 inches (20 cm) per year. Date palms and acacias grow near oases. Some of the animals that live in the Sahara include gazelles, antelopes, jackals, foxes, and badgers.








## ကမ္ဘာ့အကျယ်ဆုံးသဲကန္တာရ

မြောက်အာဖရိကမှာရှိတဲ့ ဆဟာရသဲကန္တာရဟာ ခန့်မှန်းခြေအားဖြင့် စတုရန်းမိုင်ပေါင်း ၃.၅ သန်းမိုင် (စတုရန်း ကီလိုမီတာ ၉.၁ သန်း) ကျယ်ဝန်းပါတယ်။ မော်ရိုကို၊ အယ်လ်ဂျီးရီးယား၊ တူနီးရှား၊ လစ်ဗျား၊ အီဂျစ်၊ မော်ရီတေးနီးယား၊ မာလီ၊ နိုင်ဂျာ၊ ချက်နဲ့ ဆူဒန်နိုင်ငံတို့ကို ဖြတ်သန်းပြီး မိုင်ပေါင်း ၅၂၀၀ မိုင် (၈၃၇၂ ကီလိုမီတာ) ဖြန့်ကျက်ကျယ်ပြန့်တည်ရှိပါတယ်။ ဆဟာရသဲကန္တာရဟာ တစ်နှစ်လုံးမှာမှ မိုးရေချိန် ၈ လက်မလျော့လျော့ (၂၀ စင်တီမီတာ) သာ ရရှိပါတယ်။ အလွန်နည်းပါးတဲ့ မိုးရေချိန်ကိုရရှိတာ ဖြစ်ပါတယ်။ အိုအေစစ်တွေနားမှာတော့ စွန်ပလွန်ပင်တွေနဲ့ (ထနောင်းမျိုး) အကေးရှားပင်တွေပေါက်ပါတယ်။ ဆဟာရသဲကန္တာရထဲမှာနေထိုင်ကြတဲ့ တိရစ္ဆာန်အချို့ အနက် ဂဆဲဆိတ်တွေ၊ အင်တီလော့ပ် တောဆိတ်တွေ၊ ခွေးအတွေ၊ မြေခွေးတွေနဲ့ ခွေးတူဝက်တူသတ္တဝါတွေ ပါဝင်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## STATE WITH THE WORLD'S LARGEST PORTRAIT BUST

Located in the Black Hills of South Dakota, Mount Rushmore National Memorial features a 500-foot-high (152 m) portrait bust of four American presidents. The faces of George Washington, Thomas Jefferson, Abraham Lincoln, and Theodore Roosevelt are each about 60 feet (18.3 m) high. Gutzon Borglum began to carve this monument in 1927, but the work took 14 years to complete. The entire project cost only about $1 million. More than 2 million people visit the memorial each year.








## ကမ္ဘာ့အကြီးဆုံး လူကိုယ်တစ်ပိုင်းပုံရုပ်တုရှိသောပြည်နယ်

တောင်ဒါကိုတာရဲ့ မဟူရာတောင်ကုန်းများရှိ ရပ်ရှ်မိုးတောင်မှာ နိုင်ငံတော်နဲ့ဆိုင်တဲ့ အထိမ်းအမှတ် မျက်နှာပုံရုပ်တုတွေတည်ရှိတယ်။ ပေ ၅၀၀ (၁၅၂ မီတာ) အမြင့်ရှိ၊ အမေရိကန်သမ္မတလေးဦးရဲ့ ကိုယ်တစ်ပိုင်းပုံ ရုပ်တုတွေဖြစ်ပါတယ်။ သမ္မတကြီး ဂျော့ချ်ဝါရှင်တန်၊ သောမတ်စ်ဂျက်ဖာဆန်၊ အေဗရာဟင်လင်ကွန်းနဲ့ သီအိုဒိုရုစဗဲ့ တို့ရဲ့ ကိုယ်တစ်ပိုင်းပုံ ရုပ်တုတွေဖြစ်ပါတယ်၊ ရုပ်တုတစ်ခုချင်းဟာ ပေ ၆၀ (၁၈ . ၃ မီတာ) မြင့် ပါတယ်။ ၁၉၂၇ ခုနှစ် မှာ ဂတ်တ်ဇန် ဘော့ဂ်လန်က ဒီ အထိမ်းအမှတ်ရုပ်တုကို စတင်ထွင်းထုပါတယ်။ လုပ် ငန်းပြီးစီးဖို့ ၁၄နှစ်တာ ကာလကြာမြင့်ခဲ့ပါတယ်။ စီမံကိန်းကြီးတစ်ခုလုံးအတွက် ဒေါ်လာ (၁)သန်း လောက်သာကုန်ကျခဲ့ပါတယ်။ ဒီအထိမ်းအမှတ်ရုပ်တုတွေကို နှစ်စဉ် လာရောက်ကြည့်ရှုသူကတော့ လူ(၂)သန်း ကျော်ကျော်ရှိပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S HIGHEST PAID ACTOR

Arnold Schwarzenegger earned a record-shattering $30 million for his role as T-850 in Terminator 3: Rise of the Machines in 2003. In the third installment of the sci-fi action movie saga that began in 1984, he reprises his role as the Terminator. Schwarzenegger's first title role in a movie was Conan the Barbarian in 1982 for which he earned $250,000. In 1996, Schwarzenegger earned $ 20 million for Jingle All the Way. By the late 1990s, his salary had increased to $ 25 million for movies such as Batman and Robin (1997), End of Days (1999) and the 6 th Day (2000). Besides acting, Schwarzenegger has also helped to produce some of his movies, in addition to directing some television productions.








## ကမ္ဘာပေါ်တွင်သရုပ်ဆောင်ခအများဆုံးပေးရသောမင်းသား

အာနိုးရှဝပ်ဇ်ဇင်နက်ဂါ ဟာ ၂၀၀၃ခုနှစ် T 850 Terminator 3: Rise of the Machines ဇာတ်ကားတွေမှာ ပါဝင်သရုပ်ဆောင်တဲ့ သူ့ရဲ့ အခန်းကဏ္ဍအတွက် သရုပ်ဆောင်ခငွေ ဒေါ်လာသန်း (၃၀)ရရှိခဲ့ပါတယ်။ အဲဒီငွေကြေးဟာ (အခြားသူတွေကိုပေးခဲ့ဖူးတာထက်) စံချိန်ချိုးလိုက်တဲ့ သရုပ်ဆောင်ခပါပဲ။ သူ့ရဲ့ တတိယမြောက် သိပ္ပံစိတ်ကူးယဉ်စွန့်စားခန်း အက်ရှင်အခန်းဆက် ဇာတ်ကားဟာ ၁၉၈၄ နှစ်မှာ စတင်ခဲ့ပါတယ်။ အဲဒီကားမှာ တာမီနေတာ အခန်းကဏ္ဍကနေပါဝင်ခဲ့ပါတယ်။ ရှဝပ်ဇ်ဇင်နက်ဂါ ရုပ်ရှင်မှာ ပထမဦးဆုံး ပါဝင်သရုပ်ဆောင်တာက Canan the Barbarian ဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ်ကပါ…။ အဲဒီကားအတွက် ဒေါ်လာ ၂၅၀,၀၀၀ ရရှိခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာတော့ ရှဝပ်ဇ်ဇင်နက်ဂါ ဟာ Jingle All the Way ဇာတ်ကားအတွက် ဒေါ်လာသန်း (၂၀)ရရှိခဲ့ပါတယ်။ ၁၉၉၀ နှောင်းပိုင်း ကာလတွေမှာတော့ Batman and Robin (၁၉၉၇) End of Days (၁၉၉၉)နဲ့ The 6th Day (၂၀၀၀)လို ဇာတ်ကားတွေမှာတော့ သူ့ရဲ့ သရုပ်ဆောင်ခတွေဟာ ဒေါ်လာ ၂၅ သန်းထိ တိုးလာခဲ့ပါတယ်။ သရုပ်ဆောင်တဲ့အပြင် ရှဝပ်ဇ်ဇင်နက်ဂါ ဟာ သူ့ရဲ့ရုပ်ရှင်ကား အချို့ထုတ်လုပ်ဖို့နဲ့ အချို့ရုပ်မြင်သံကြားထုတ်လွှင့်မှုတွေမှာ စီစဉ်ညွှန်ကြားခြင်းတွေကို ကူညီဆောင်ရွက်ခဲ့ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S HIGHEST PAID ACTRESS

American superstar Julia Roberts was paid a record-breaking $20 million to portray a working single mom in the 2000 box-office hit Erin Brockovich, which won her an Academy Award for Best Actress. She earned the same salary the following year for her role in The Mexican with Brad Pitt. Roberts made her professional film debut in 1988 in the movie Mystic Pizza. She has also received Oscar nominations for her roles in Steel Magnolias and Pretty Woman. Some of Roberts's other well-known movies include Ocean's Eleven, Runaway Bride, America's Sweethearts and Mona Lisa Smile.




*Ma Thein Lwin*



## ကမ္ဘာပေါ်တွင်သရုပ်ဆောင်ခအများဆုံးပေးရသော မင်းသမီး

အမေရိကန် သရုပ်ဆောင်အကျော်အမော် ဂျူလီယာရောဘတ် သရုပ်ဆောင်ခ ဒေါ်လာသန်း (၂၀)ပေးခဲ့ရပါတယ်...၊ အဲဒီ ငွေကြေးဟာ (အခြားသူတွေကို ပေးခဲ့ဖူးတာထက်) စံချိန်ချိုးလိုက်တဲ့ သရုပ်ဆောင်ခပါပဲ။ ၂၀၀၀ ခုနှစ်က ရုပ်ရှင်ရုံလက်မှတ်ရောင်းတဲ့နေရာတွေမှာ (နာမည်ကြီးပြီး) ပေါက်သွားတဲ့ Erin Brockovich ကားမှာ ကလေးကိုတစ်ဦးတည်း အုပ်ထိန်းရတဲ့မိခင် အခန်းက ပါဝင်သရုပ်ဆောင်ခအတွက်ဖြစ်ပါတယ်။ အဲဒီကားမှာ သူ(မ)က အကောင်းဆုံး သရုပ်ဆောင်မင်းသမီးအကယ်ဒမီဆုကိုရရှိခဲ့ပါတယ်။ နောက်နှစ်မှာ ဘရက်ပစ်တ်နဲ့အတူ သရုပ်ဆောင်တဲ့ The Mexican ရုပ်ရှင်ကားမှာလည်း သူ(မ)ရဲ့အခန်းကဏ္ဍအတွက် အဲဒီသရုပ်ဆောင်ခအတိုင်း ရရှိပါတယ်။ ရောဘတ်ဟာ သူ(မ)ရဲ့ ရုပ်ရှင်သက်မွေးလုပ်ငန်း ပွဲဦးထွက်ဇာတ်ကားကို ၁၉၈၈ ခုနှစ်က ရိုက်ကူးခဲ့ပါတယ်။ Mystic Pizza ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ သူ(မ)ပါဝင်ခဲ့တဲ့ Steel Magnolias နဲ့ Pretty Woman ဇာတ်ကားတွေမှာ သူ(မ)ရဲ့ သရုပ်ဆောင်မှုအခန်းကဏ္ဍတွေကို အော်စကာဆုအတွက် အဆိုပြု သတ်မှတ်ခြင်း ခံခဲ့ရပါတယ်။ ရောဘတ်ရဲ့ အခြားကျော်ကြားတဲ့ ဇာတ်ကားအချို့မှာ Ocean's Eleven, Runaway Bride, America's Sweetheart နဲ့ Mona Lisa Smile တို့လည်း ပါဝင်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



## WORLD'S BEST-SELLING ALBUM

To date, Michael Jackson's smash hit Thriller has sold approximately 46 million copies. It was first released on March 16, 1982, and quickly became one of the most popular albums of all time —both nationally and internationally. Thriller was released on the Epic record label and was produced by mastermind Quincy Jones. The album featured many pop singles, including "Beat It," "Billie Jean," and "Wanna Be Startin' Somethin." Thriller received eight Grammy Awards and contained six top-ten singles.








## ကမ္ဘာ့အရောင်းရဆုံး တစ်ကိုယ်တော်တေးစုဓါတ်ပြား (အယ်လ်ဘမ်)

ဒီနေ့ဒီအချိန်ထိ မိုက်ကယ်ဂျက်ဆင်ရဲ့ တစ်ခဲနက်အောင်မြင်ကျော်ကြားတဲ့ တစ်ကိုယ်တော်တေးစုဓါတ်ပြား Thriller ကို ၄၆ သန်းလောက်ရောင်းချခဲ့ရပြီးဖြစ်ပါတယ်။ အဲဒီအယ်လ်ဘမ် (ဓါတ်ပြား)ကို ၁၉၈၂ခု မတ်လ (၁၆)ရက် ပထမဦးဆုံးအကြိမ် စတင်ဖြန့်ချိပါတယ်။ ဖြန့်ချိပြီးတယ်ဆိုရင်ပဲ.. ခေတ်အဆက်ဆက်မှာ လူကြိုက်အများဆုံး ရေပန်းအစားဆုံးဓါတ်ပြားများအနက်တစ်ခုအဖြစ်အလျင်အမြန်ဖြစ်လာခဲ့ပါတယ်။ ပြည်တွင်းမှာရော နိုင်ငံတကာမှာပါလူကြိုက်များတာပါ။ ချီးကျူးမော်ကွန်းတင်အပ်တဲ့ Thriller ဓါတ်ပြားကို အထူးပိုင်နိုင်ကျွမ်းကျင်သူ ကွင်စီဂျုန်းက စီစဉ်ထုတ်လုပ်ပါတယ်။ အဲဒီအယ်လ်ဘမ်မှာ "Beat it, Billie Jean" နဲ့ "Wanna Be Startin Somethin" တို့အပါအဝင် ခေတ်ပေါ်တစ်ကိုယ်တော်တေးစုတော်တော်များများ အသားပေးထည့်သွင်းထားပါတယ်။ Thriller ဟာ ဂရမ်မီဆု ရှစ်ခုလက်ခံရရှိခဲ့ပြီး၊ လူကြိုက်အများဆုံး ထိပ်ဆုံးသီချင်း ၁၀ ပုဒ်ထဲမှာ Thriller ထဲက သီချင်း (၆)ပုဒ် ပါဝင်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## BEST-SELLING SINGLE OF ALL TIME

Elton John's single "Candle in the Wind 1997" sold a record-shattering 37 million copies since its release that year. John had first released the song in 1973 to honor the memory of Marilyn Monroe. When John's close friend Princess Diana was killed in a tragic car crash in 1997, John rewrote the song as a tribute to her and performed it at her funeral. John felt that this song was also especially appropriate for the princess because both women were constantly hounded by the press. John also earned a Grammy Award for "Candle in the Wind 1997" for Best Male Pop Vocal Performance later that year.








## ဗကြိုစပ္ပူး ထူးထူးခြားခြားအရောင်းရဆုံး တစ်ကိုယ်တော်ဓါတ်ပြား

အယ်လတန်ဂျွန်ရဲ့ "လေထဲမှ ဖယောင်းတိုင် (၁၉၉၇)" တစ်ကိုယ်တော်တေးစုဓါတ်ပြားဟာ ထူးထူးခြားခြားစံချိန်ကျိုးလောက်အောင် ရောင်းချခဲ့ရတဲ့ ဓါတ်ပြားဖြစ်ပါတယ်။ အဲဒီနှစ်ဓါတ်ပြားကို စတင်ဖြန့်ချိကတည်းက အချပ်ရေပေါင်း (၃၇)သန်းရောင်းချခဲ့ရပါတယ်။ ဂျွန် ဟာ အဲဒီသီချင်းကို ၁၉၇၃ ခုနှစ်က ပထမဆုံးအကြိမ် ထုတ်လွှင့်ခဲ့ပါတယ်။ ကွယ်လွန်သူ မာရီလင်မွန်ရိုးကို အမှတ်တရ ဂုဏ်ပြုသောအားဖြင့် ထုတ်လွှင့်ခဲ့တာပါ။ ၁၉၉၇ ခုနှစ်မှာ ဂျွန်ရဲ့ အရင်းနှီးဆုံးမိတ်ဆွေ (ဝေလ)မင်းသမီး ဒိုင်ယာနာဟာ ကြေကွဲဖွယ် ကောင်းတဲ့ မတော်တဆကားတိုက်မှုမှ သေဆုံးခဲ့ရတဲ့အခါ ...ဂျွန်က အဲဒီသီချင်းကို ပြန်လည်ရေးသားခဲ့ပါတယ်။ သေဆုံးခဲ့ပြီဖြစ်တဲ့ သူ(မ) ကို ဂုဏ်ပြုချီးကျူးဖို့ပါ...၊ ပြီးတော့ အဲဒီသီချင်းကို သူ(မ)ရဲ့ အသုဘ အခမ်းအနားမှာ သီဆိုအသုံးတော်ခံခဲ့ပါတယ်။ ဒီသီချင်းဟာ (ဝေလ) မင်းသမီး ဒိုင်ယာနာ နဲ့လည်းအထူးသဖြင့် ဆီလျော်တယ်လို့ ဂျွန် က တွေးထင်ယူဆမိခဲ့ပါတယ်။ ဘာကြောင့်ဆို... အမျိုးသမီးနှစ်ယောက်လုံးဟာ ...စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားဌာနတွေက သတင်းသမားတွေရဲ့ အမြဲမပြတ်တကောက်ကောက်လိုက်ပြီး နှောင့်ယှက်ခြင်းကိုခံခဲ့ရလို့ပါပဲ၊ "လေထဲမှဖယောင်းတိုင် (၁၉၉၇)" အတွက် ဂျွန် ဟာ ဂရမ်မီဆုကို ရရှိခဲ့ပါတယ်။ အဲဒီနှစ်နှောင်းပိုင်းမှာ ...အကောင်းဆုံးယောက်ျား ခေတ်ပေါ်တေးဂီတအဆိုတော်ဆုကိုလည်း ရရှိခဲ့ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S BEST-SELLING RECORDING GROUP

Since their first official recording session in September 1962, the Beatles have sold more than 164 million copies of their music. In the two years that followed, they had 26 top-40 singles. The "Fab Four," as they were called, were John Lennon, Paul McCartney, George Harrison, and Ringo Starr. Together they recorded many albums that are now considered rock masterpieces, such as Rubber Soul, Sgt. Pepper's Lonely Hearts Club Band, and The White Album. The group broke up in 1969. In 2001, however, their newly released greatest hits album—The Beatles 1-reached the top of the charts. In January 2003, some 500 never-before-heard tapes of the Beatles' recording sessions were discovered to the delight of fans around the world.








## ကမ္ဘာ့အရောင်းရဆုံးတေးသံရှင်အဖွဲ့

၁၉၆၂ ခု စက်တင်ဘာလ သူတို့ရဲ့တရားဝင်လုပ်ငန်းကဏ္ဍ စတင်ချိန်ကစပြီး ဘီတဲယ်လ်အဖွဲ့ဟာ သူတို့သီဆိုတဲ့ တေးဂီတ တေးသွား (ဓါတ်ပြား)ပေါင်း ၁၆၄ သန်းကျော်ရောင်းချခဲ့ရပြီးဖြစ်ပါတယ်။ နောက် နှစ်နှစ်အတွင်းမှာ သူတို့မှ ထိပ်တန်းတစ်ကိုယ်တော် တေးစု ၂၆ မှ ၄၀ ထိရရှိခဲ့ပါတယ်။ "အံ့ဖွယ်လေးယောက်"လို့ အခေါ်ခံရတဲ့ သူတို့ (၄)ဦးကတော့ ဂျွန်လဲင်ဒွန်၊ ပေါလ်မက်ကာတ်တနီ၊ ဂျော့ချ်ဟာရစ်ဆန် နဲ့ ရင်ဂိုစတား တို့ဖြစ်ကြပါတယ်။ သူတို့ အတူတကွစုပေါင်းပြီးတော့ အယ်လ်ဘမ် (တစ်ဖွဲ့တည်း၏ တေးစုဓါတ်ပြား အသံသွင်းခွေ) ပေါင်းများစွာကို အသံသွင်းခဲ့ရပါတယ်။ Rubber Sour, Sgt. Pepper's Lonely Hearts Club Band, and The White Al5um တို့လို အယ်လ်ဘမ်တွေကို အခုအခါမှာတော့ ရော့ခ်ခေတ်ပေါ် တေးဂီတရဲ့ အပြောင်းမြောက်ဆုံးလက်ရာတွေအဖြစ် သတ်မှတ်ယူဆကြပါတယ်။ ၁၉၆၉ ခုနှစ်မှာ သူတို့ ပူးပေါင်းဆောင်ရွက်သီဆိုမှု နိဂုံးချုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၀၁ ခုနှစ်မှာ သူတို့ရဲ့ လူကြိုက်အများဆုံး အယ်လ်တမ်အသစ် ဘီတယ်လ်(၁)ကို ဖြန့်ချိခဲ့ပါတယ်။ အဲဒီ အယ်လ်တမ်ဟာ လူကြိုက်အများဆုံး သီချင်းများဖော်ပြတဲ့ အပတ်စဉ်စာရင်းမှာ ထိပ်ဆုံးနေရာသို့ ရောက်ခဲ့ပါတယ်။ ၂၀၀၃ ခု ဇန်နဝါရီလ မှာတော့ ဘီတယ်လ်တွေရဲ့ ဘယ်တုန်းကမှ နားမဆင်ရသေးတဲ့ အသံသွင်းတိပ်ခွေ ဆက်ရှင် ၅၀၀ ကိုရှာဖွေတွေ့ရှိခဲ့ကြပါတယ်။ ကမ္ဘာတစ်ဝှမ်းက လေးစား အားပေးသူဝါသနာအိုးတွေအတွက် ပျော်ရွှင်ဝမ်းမြောက်ဖွယ်ပါပဲ။






www.burmeseclassic.com

www.burmeseclassic.com





## WORLD'S TOP-EARNING BAND

U2—a four-man band from Ireland—earned $69 million in 2002. The group won several Grammy Awards that year, including Record of the Year for "Walk On" and Best Rock Album for All That You Can't Leave Behind. Composed of lead singer Bono, guitarist The Edge, bassist Adam Clayton, and drummer Larry Mullin, U2 has been making music since 1978. After reaching the top of the UK charts, U2 quickly became a hit in the United States as well. Some of their most well-known albums include The Joshua Tree (1996), Rattle and Hum (1988), and The Best of 1990-2000 (2000).






## ကမ္ဘာ့ဝင်ငွေအများဆုံးရသော ခေတ်ပေါ်တေးဂီတအဖွဲ့



လူလေးယောက်ပါတဲ့ အိုင်ယာလန်နိုင်ငံမှ ယူတူး ခေတ်ပေါ်တေးဂီတအဖွဲ့ဟာ ၂၀၀၂ ခုနှစ်က ဒေါ်လာ ၆၉ သန်း ဝင်ငွေရရှိခဲ့ပါတယ်။ တစ်နှစ်တာအတွင်း အကောင်းဆုံးခေါ်ပြား 'Walk On' နဲ့ အကောင်းဆုံး ရော့ခ်အယ်လ်ဘမ် "All That You Can't Leave Behind" တို့အပါအဝင်. . . ဂရမ်မီဆုတော်တော်များများကို အဲဒီနှစ်မှာ ရရှိခဲ့ပါတယ်။ အဲဒီအဖွဲ့မှာ ခေါင်းဆောင်အဆိုတော် ဘိုနို၊ ဂီတာသမား အက်ဒ်ချ်၊ ဘေ့စ်ဂီတာ အဒမ်ကလေတန် နဲ့ ဒရမ်သမား လာရီ မူလင်း တို့နဲ့ပါဝင်ဖွဲ့စည်းထားတဲ့ ယူတူးအဖွဲ့ဟာ ၁၉၇၈ ခုနှစ်က တည်းက တေးဂီတသီဆိုတီးမှုတ်ဖျော်ဖြေခဲ့ပါတယ်။ (ယူကေ) ဗြိတိသျှနိုင်ငံ လူကြိုက်အများဆုံး သီချင်းများဖော်ပြတဲ့ အပတ်စဉ်စာရင်းမှာ ထိပ်ဆုံးသို့ ရောက်ပြီးတဲ့နောက်၊ အမေရိကန်နိုင်ငံမှာလည်း ယူတူးဟာ လူကြိုက်အများဆုံး အဖွဲ့တစ်ဖွဲ့ အလျင်အမြန်ဖြစ်လာခဲ့ပါတယ်။ သူတို့ရဲ့ အကျော်ကြားဆုံး အယ်လ်ဘမ်တွေထဲမှာ The Joshua Tree (1996)၊ Rattle and Hum (1988) နဲ့ The Best of 1990-2000 (2000) တို့လည်းပါဝင်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S FASTEST PRODUCTION MOTORCYCLE

This sleek speed machine, which is named after one of the world's fastest birds, is able to reach a maximum speed of 186 miles (299 km) per hour. That's about three times faster than the speed limit on most major highways. In 1999, the Hayabusa won several major awards, including Motorcycle of the Year and Best Superbike. Its aerodynamic shape, four-cylinder liquid-cooled engine, six-speed transmission, and powerful disc brakes make the bike very popular with motorcycle enthusiasts. The Hayabusa sells for about $11,000.








## ကမ္ဘာ့အမြန်ဆုံးမော်တော်ဆိုင်ကယ်ထုတ်လုပ်မှု

ဒီ…ကျစ်လျစ်ကြော့မော့ပြီး ပြေးအားကောင်းတဲ့စက် (မော်တော်ဆိုင်ကယ်)ဟာ တစ်နာရီကိုအများဆုံး ၁၈၆ မိုင် (၂၉၉ ကီလိုမီတာ)ထိ ရောက်ရှိအောင်ပြေးနိုင်စွမ်းရှိပါတယ်။ အဲဒီ (မော်တော်ဆိုင်ကယ်)စက်ရဲ့ အမည်ကလည်း ကမ္ဘာ့အမြန်ဆုံးငှက်တွေထဲက တစ်ကောင်ရဲ့အမည်ကိုယူပြီး မှည့်ခေါ်ထားတာဖြစ်ပါတယ်။ အဲဒီစက်ရဲ့ ပြေးနှုန်းဟာ အဓိကအရေးပါဆုံး အဝေးပြေးလမ်းမကြီးတွေအတွက် သတ်မှတ်အမြန်နှုန်းထက် သုံးဆပိုပြီး မြန်ပါတယ်။ ၁၉၉၉ ခုနှစ်မှာ "ဟာယာဘူဆာ မော်တော်ဆိုင်ကယ်"ဟာ "တစ်နှစ်တာအတွင်း အကောင်းဆုံးမော်တော်ဆိုင်ကယ်"ဆု နဲ့ "ဆူပါဘိုက်" (အလွန်အထူးကောင်းမွန်သော မော်တော်ဆိုင်ကယ်) ဆုတို့အပါအဝင် ဆုကြီးတော်တော်များများကို ဆွတ်ခူးရရှိခဲ့ပါတယ်။ သူ့ရဲ့ လေခွင်းအားကို ဖြတ်သန်းနိုင်မှုပုံစံ၊ စလင်ဒါလေးလုံးပါလစ်ကွစ်ကူးအင်ဂျင်၊ ဂီယာချက်ခြောက်ချက်ပါ ဂီယာအုံနဲ့ အားကောင်းတဲ့ဒီခ်ဘရိတ်ပြားတွေကြောင့် မော်တော်ဆိုင်ကယ် ဝါသနာအိုးတွေကြားမှာ အထူးရေပန်းစားလှပါတယ်။ ဟာယာဘူဆာ မော်တော်ဆိုင်ကယ်တစ်စီးကို ဒေါ်လာ ၁၁,၀၀၀ ခန့်လောက်နဲ့ရောင်းချပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S FASTEST PRODUCTION CAR

In March of 1998, a McLaren F1 driven by Andy Wallace reached a top speed of 240 miles (386 km) per hour, making it the fastest production (mass-produced) car in history. It can accelerate from 0-60 miles (96 km) per hour in just 3.2 seconds and cover a quarter of a mile in just over 11 seconds. The car is made mostly of light carbon fiber, which means the McLaren only weighs a total of 2,509 pounds (1,138 kg). The 48-valve V-12 engine by BMW produces an amazing 627 horsepower. The Mclaren also has a six-speed transmission and independent suspension. The car was manufactured from 1993 to 1998, but the company only produced 100 cars.








## ကမ္ဘာ့အမြန်ဆုံးကားထုတ်လုပ်မှု

၁၉၉၈ ခု မတ်လမှာ အဲင်ဒီဝေါလေ့စ် မောင်းတဲ့ မက်ကလာရဲင်း အက်ဖ်(၁) မော်တော်ကားဟာ အမြင့်ဆုံးမိုင်နှုန်း တစ်နာရီမှာ ၂၄၀ မိုင် (၃၈၆ ကီလိုမီတာ) ထိရောက်ရှိခဲ့ပါတယ်။ ကား ... သမိုင်းမှာ အမြန်ဆုံးထုတ်လုပ်တဲ့ (အလုံးအရင်းနဲ့ထုတ်လုပ်မှု) ကား ဖြစ်ခဲ့ပါတယ်။ အဲဒီကားဟာ တစ်နာရီမှာ ၀ မှ ၆၀ မိုင် (၉၆ ကီလို မီတာ)နှုန်းထိကို ၃.၂ စက္ကန့်အတွင်းမှာ အရှိန်မြှင့်ပေးနိုင်ပါတယ်။ တစ်မိုင်ရဲ့လေးပုံတစ်ပုံအကွာအဝေးကို ၁၁ စက္ကန့်အတွင်း ခရီးပေါက်နိုင်ပါတယ်။ အဲဒီကားရဲ့အများစုကိုဝန်ပေါ့တဲ့ ကာဗွန်ဖိုင်ဘာနဲ့ ပြုလုပ်ထားပါတယ်။ ဆိုလိုတာက မက်ကလာရဲင်း ကားတစ်စီးလုံးမှ စုစုပေါင်း ၂,၅၀၉ ပေါင် (၁,၁၃၈ ကီလိုဂရမ်) သာလေးပါတယ်။ ဘီအဲမ်ဒဗလျူရဲ့ ၄၈ ဗါး-၁၂ ဗို့အင်ဂျင်ဟာ အံ့သြဖွယ်ကောင်းလောက်အောင် မြင်းကောင်ရေ ၆၂၇ ကောင်အားကို ထုတ်လုပ်ပေးပါတယ်။ မက်ကလာရဲင်း ကားမှာ ဂီယာချက်ခြောက်ချက်ပါ ဂီယာအုံနဲ့ သီးခြားကင်းလွတ်တဲ့ (မော်တော်ယာဉ်ကိုယ်ထည်နဲ့ ဝင်ရိုးဆက်သွယ်ပေးထားသည့်) ဆိုင်းထိန်းစနစ် (ဆပ်စပဲင်ရှင်း)လည်း ရှိပါတယ်။ အဲဒီကားကို ၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်ထိ ထုတ်လုပ်ခဲ့ရပါတယ်။ ဒါပေမဲ့... ကားကုမ္ပဏီက ကားစီးရေ ၁၀၀ ကိုသာထုတ်လုပ်ခဲ့ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LARGEST YACHT

The largest yacht in the world measures an astounding 482 feet (147 m) long —about half the length of a commercial ocean liner! It features 60 guest rooms, two swimming pools, and a helicopter pad. It was built in the Vospers Ship Yard in England in 1984. This royal yacht was named after its owner, Prince Abdul Aziz of Saudi Arabia. When he acquired the yacht in 1987, it was estimated to be worth more than $100 million in U.S. currency. At the time, the prince was just 18 years old, but was already worth about $.1 billion.







## ကမ္ဘာ့အကြီးဆုံးအပျော်စီးသင်္ဘော

ကမ္ဘာပေါ်မှာ အကြီးဆုံးအပျော်စီးသင်္ဘောဟာ အံ့ဩစရာကောင်းလောက်အောင် အလျား ၄၈၂ ပေ (၁၄၇ မီတာ) ရှိပါတယ်။ ကုန်သွယ်ရေးသုံး ပင်လယ်ကူးသင်္ဘောကြီးတစ်စင်းရဲ့ အလျားရဲ့ ထက်ဝက်ခန့်ရှိပါတယ်။ အဲဒီသင်္ဘောမှာ ဧည့်သည် အိပ်ခန်းပေါင်း ၆၀၊ ရေကူးကန် (၂)ခု၊ ရဟတ်ယာဉ် ဆင်းသက်ရန် ကွင်းတစ်ခုတို့ ပါဝင်တယ်။ အဲဒီ သင်္ဘောကို ၁၉၈၄ ခုနှစ်က အင်္ဂလန်နိုင်ငံ ဗော့စပါးသင်္ဘောကျင်းမှာ တည်ဆောက်ခဲ့ပါတယ်။

ဒီတော်ဝင်သင်္ဘောကို ... သူ့ရဲ့ ပိုင်ရှင် ဆော်ဒီအာရေဗီးယားမင်းသား အဗ္ဗဒူအဇစ်ရဲ့ အမည်တူကိုယူပြီး မှည့်ခေါ်ထားပါတယ်။ အဲဒီမင်းသားက သင်္ဘောကို လက်ခံရယူတဲ့ ၁၉၈၇ ခုနှစ်မှာ သင်္ဘောရဲ့တန်ဖိုးက အမေရိကန် ဒေါ်လာ သန်း ၁၀၀ ကျော်တန်ပါတယ်။ ခုအချိန်မှာ ... မင်းသားရဲ့အသက် ၁၈ နှစ်သာရှိပါသေးတယ်။ ဒါပေမဲ့ (သူ့ရဲ့) သင်္ဘောကတော့ ဒေါ်လာ တစ်ဘီလျံ လောက်တန်နေပါပြီ။

billion (n) = (in Britain) a million million;
(in America) a thousand million.
(ဗြိတိန်နိုင်ငံတွင်) သန်းပေါင်းတစ်သန်း။ (အမေရိကန်ပြည် ထောင်စုတွင်) သန်းပေါင်းတစ်ထောင်။






www.burmeseclassic.com

www.burmeseclassic.com



## WORLD'S FASTEST LAND VEHICLE

The Thrust SSC, which stands for SuperSonic Car, reached a speed of 763 miles (1,228 km) per hour on October 15, 1997. At that speed, a car could make it from San Francisco to New York City in less than 4 hours. The Thrust SSC is propelled by two jet engines capable of 110,000 horsepower. The Thrust SSC runs on jet fuel, using about 5 gallons (19 l) per second. It only takes approximately five seconds for this supersonic car to reach its top speed. It is 54 feet (16.5 m) long and weighs 7 tons (6.4 t).








## ကမ္ဘာ့အမြန်ဆုံးကုန်းလမ်းသွားယာဉ်

The Thrust SSC ကားဟာ ၁၉၉၇ ခုနှစ်အောက်တိုဘာလ ၁၅ ရက်နေ့က တစ်နာရီကို ၇၆၃ မိုင် (၁,၂၂၈ ကီလိုမီတာ) နှုန်းအထိရောက်ရှိ (မောင်းနှင်)ခဲ့ပါတယ်။ SSC ဆိုတာ SuperSonic Car (အသံထက်မြန်သောကား) ဆိုတဲ့ စကားလုံးတွေရဲ့ အတိုကောက်ဖြစ်ပါတယ်။ အဲဒီနှုန်းအတိုင်းဆိုရင် အဲဒီကားဟာ ဆန်ဖရန်စစ္စကိုကနေ နယူးယောက်စီးတီးကို (၄)နာရီတောင်မကြာဘဲ (၄နာရီ လျော့လျော့)နဲ့ မောင်းနှင်နိုင်ခဲ့ပါတယ်။ The Thrust SSC ကားကို မြင်းကောင်ရေ ၁၁၀,၀၀၀ အားရှိတဲ့ ဂျက်အင်ဂျင်နှစ်လုံးနဲ့ မောင်းနှင်ပါတယ်။ အဲဒီကားဟာ ဂျက်လေယာဉ်သုံးလောင်စာဆီကို အသုံးပြုပြေးဆွဲပါတယ်။ တစ်စက္ကန့်ကို ၅ ဂါလံ (၁၉ လီတာ) လောက်အသုံးပြုပါတယ်။ ဒီအသံထက်မြန်တဲ့ကားဟာ သူ့ရဲ့အမြင့်ဆုံးနှုန်းကိုရောက်ဖို့ ငါးစက္ကန့်ပဲကြာမြင့်ပါတယ်။ အဲဒီကားဟာ ၅၄ ပေ (၁၆.၅ မီတာ) ရှည်လျားပြီး ၇ တန် (၆.၄ t) အလေးချိန်ရှိပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S LARGEST CRUISE SHIPS

The Adventure of the Seas, the Explorer of the Seas, and the Voyager of the Seas are luxury cruise ships that each weigh 156,526 tons (142,000 t) or 313 million pounds (142 million kg). Each of these Royal Caribbean ships measures 1,024 feet (312 m) long and can carry up to 3,114 passengers and 1,181 crew. That's larger than most hotels. All of these ships depart from Miami and cruise to various islands in the western Caribbean. While at sea, guests can go ice skating, swim in three pools, try the rock climbing wall, or stroll through the street fair.







## ကမ္ဘာ့အကြီးဆုံးအပျော်စီးသင်္ဘောများ

"The Adventure of the Seas", "the Explorer of the Seas" နဲ့ "the Voyager of the Seas" သင်္ဘောတွေဟာ အပျော်စီးဇိမ်ခံ သင်္ဘောတွေဖြစ်ပါတယ်။ အဲဒီသင်္ဘောတစ်စီးစီ ဟာ ၁၅၆,၅၂၆တန် (၁၄၂,၀၀၀t) သို့မဟုတ် ပေါင်ပေါင်း ၃၁၃ သန်း (ကီလိုဂရမ်သန်းပေါင်း ၁၄၂ သန်း) အလေးချိန်ရှိပါတယ်။ အဲဒီတော်ဝင်ကာရစ်ဘီယန် သင်္ဘောတွေဟာ အတိုင်းအတာအားဖြင့် ၁,၀၂၄ ပေ (၃၁၂ မီတာ) ရှည်လျားပါတယ်။ ခရီးသည် ၃,၁၁၄ ယောက်နဲ့ သင်္ဘောသား ၁,၁၈၁ ယောက်ထိ သယ်ဆောင်နိုင်ပါတယ်။ ဟိုတယ်အများစုထက် ပိုကြီးမားပါတယ်။ အဲဒီသင်္ဘောအားလုံးဟာ မိုင်ယာမီကနေ ထွက်ခွာပြီး အနောက်ဘက် ကာရစ်ဘီယန်ကျွန်းစုတွေဆီသို့ အပျော်စီး ရေကြောင်းခရီးထွက်ပါတယ်။ ပင်လယ်ပြင်ခရီးစဉ်အတွင်းမှာ ဧည့်သည်တွေဟာ ရေခဲပြင်စကိတ်စီးသွားနိုင်တယ်။ ရေကူးကန်သုံးခုမှာ ရေကူးနိုင်တယ်။ ကျောက်ကမ်းပါးယံ တွယ်တက်ကစားနည်းကို စမ်းသပ်ကစားနိုင်တယ်။ သို့တည်းမဟုတ် လေဟာပြင်ကွင်းကျယ်မှာ အတီးအမှုတ်ပွဲလမ်းသဘင်တွေ၊ စားသောက်ဆိုင်တွေ ခင်းကျင်းဖွင့်လှစ်ထားတဲ့ ပွဲဈေးလမ်းတစ်လျှောက်မှာ အေးအေးလူလူ လမ်းလျှောက်နိုင်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S FASTEST PLANE

The Lockheed SR-71 Blackbird flew at a top speed of 2,193 miles (3,529 km) per hour. At that rate, the Blackbird could fly from Los Angeles to New York City in just 90 minutes instead of the average commercial jetliner time of 6 hours. This super speedy plane also holds the record for flying at the highest altitude, which is 85,069 feet (25,929 m). Manufactred in the United States, this two-seater plane was used by the military from 1966 to 1999. The Blackbird measures 107.5 feet (32.8 m) long and has a wingspan of 55.7 feet (17 m).








## ကမ္ဘာ့အမြန်ဆုံးလေယာဉ်

လော့ခ်ဟိဒ် အက်စ်အာရ်-၇၁ ဘလက်ဘဒ် (မဟူရာငှက်) ဆိုတဲ့ လေယာဉ်ဟာ တစ်နာရီမှာ အမြင့်ဆုံးမိုင်နှုန်း ၂၁၉၃ မိုင် (၃၅၂၉ ကီလိုမီတာ) နှုန်းနဲ့ပျံသန်းပါတယ်။ အဲဒီနှုန်းအတိုင်းဆိုရင် လော့စ်အဲင်ဂျလိစ့် ကနေ နယူးယောက်ကို ဂျက်လေယာဉ်တွေပုံမှန် သာမန်ပျံသန်းနေကျအချိန် ၆ နာရီ အစား၊ မဟူရာငှက်လေယာဉ်က မိနစ် ၉၀ နဲ့ ပျံသန်းနိုင်ပါတယ်။ သာမန် လေယာဉ်တွေထက် အမြန်နှုန်းလွန်ကဲတဲ့ ဒီလေယာဉ်ဟာ ပင်လယ်ရေမျက်နှာပြင် အထက် အမြင့် ၈၅,၀၆၉ ပေ (၂၅,၉၂၉ မီတာ) ထိပျံသန်းပြီး၊ အမြင့်ဆုံး ပျံသန်းနိုင်တဲ့လေယာဉ်ဆိုတဲ့ စံချိန်ကိုလည်းရယူထားပါတယ်။ ဒီလေယာဉ်ကို အမေရိကန်ပြည်ထောင်စုမှာ ထုတ်လုပ်ခဲ့ပါတယ်။ ဒီနှစ်ယောက်စီးလေယာဉ်ကို ၁၉၆၆ မှ ၁၉၉၉ ထိ စစ်ဘက်က သုံးစွဲခဲ့ပါတယ်။ ဘလက်ဘဒ် (မဟူရာငှက်) လေယာဉ်ဟာ အတိုင်းအတာအားဖြင့် ၁၀၇. ၅ ပေ (၃၂. ၈ မီတာ) ရှည်လျားပြီး တောင်ပံအလျား ၅၅. ၇ ပေ (၁၇ မီတာ) ရှိပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## WORLD'S FASTEST PASSENGER TRAIN

The Nozomi carries passengers in Japan from Hiroshima to Kokura at an average speed of 162 miles (261 km) per hour. At that speed, the 119 mile (192-km) train ride takes only 44 minutes. The Nozomi also carries passengers for 370 miles (595 km) on the Sanyo Line between Osaka and Hakata, arriving at the station in just 2 hours and 17 minutes. The train is capable of reaching a maximum speed of 186 miles (299 km) per hour. This train was designed by the West Japan Railway Company and is part of the Japanese 500 design series.








## ကမ္ဘာ့အမြန်ဆုံးခရီးသည်တင်ရထား

ဂျပန်နိုင်ငံမှာ ခရီးသည်တင်ရထား နိုဇိုမီဟာ ပျမ်းမျှတစ်နာရီကို ၁၆၂ မိုင် (၂၆၁ ကီလိုမီတာ)နှုန်းနဲ့ ဟီရိုရှီးမားကနေ ကိုကူရာကို ပြေးဆွဲပါတယ်။ နိုဇိုမီဟာ အိုဆာကာနဲ့ ဟာကာတာကြား ၃၇၀ မိုင် (၅၉၅ ကီလိုမီတာ) ဝေးတဲ့ ဆန်ညိုမီးရထားလမ်းမှာလည်း ခရီးသည်တွေကို သယ်ယူပို့ဆောင်ပေးပါတယ်။ (ခရီးဆုံး) ဘူတာရုံကို ရောက်ဖို့ (၂)နာရီနဲ့ ၁၇ မိနစ်သာကြာမြင့်ပါတယ်။ ဒီရထားဟာ အမြင့်ဆုံးမိုင်နှုန်း တစ်နာရီကို ၁၈၆ မိုင် (၂၉၉ ကီလိုမီတာ)ထိ မောင်းနှင်နိုင်စွမ်းရှိပါတယ်။ ဒီရထားကို အနောက်ပိုင်း ဂျပန်မီးရထားကုမ္ပဏီက ပုံစံရေးဆွဲခဲ့တာဖြစ်ပြီး ဂျပန်ရဲ့ဒီဇိုင်းပုံစံ ၅၀၀ စီးရီးသော့မှ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## COUNTRY THAT EATS THE MOST CHOCOLATE

In Switzerland, the average person consumes about 26 pounds (11.8 kg) of chocolate each year. That means approximately 188 million pounds (85 million kg) of chocolate are eaten in this small country annually. Chocolate has always been a popular food around the world. In fact, each year, approximately 594,000 tons (538,758 t) of cocoa beans— an important ingredient in chocolate — are consumed worldwide. Chocolate is consumed mainly in the form of candy, but it is also used to make beverages, to flavor recipes, and to glaze various sweets and bakery products.








## ချောကလက်အများဆုံးစားသောတိုင်းပြည်

ဆွစ်ဇာလန်နိုင်ငံမှာ ပျမ်းမျှ လူတစ်ယောက်ဟာ တစ်နှစ်မှာချောကလက် ၂၆ ပေါင် (၁၁. ၈ ကီလိုဂရမ်) စားသုံးပါတယ်။ ဆိုလိုတာက ခန့်မှန်းခြေအားဖြင့် အဲဒီတိုင်းပြည်လေးမှာ ချောကလက်ပေါင်ပေါင်း ၁၈၈ သန်း (ကီလိုဂရမ် ၈၅ သန်း)ကို နှစ်စဉ်စားသုံးကြပါတယ်။ ချောကလက်ဟာ ကမ္ဘာတစ်ဝှမ်းမှာ အမြဲတမ်းလူကြိုက်များတဲ့ အစားအစာတစ်မျိုးဖြစ်ပါတယ်။ တကယ်တော့ ချောကလက် မှာ (အဓိက) အရေးပါသော အရာတစ်ခုဖြစ်တဲ့ ကိုကိုအစေ့ခန့်မှန်းခြေ ၅၉၄,၀၀၀ တန် (၅၃၈,၇၅၈ t )ကို ကမ္ဘာ့အနှံ့မှာ စားသုံးကြပါတယ်။ ကိုကိုးမှုန့် (ကိုကိုးခဲ)ကို သကြားလုံး၊ ချောကလက်အနေနဲ့ပဲ အဓိကစားသုံးကြပါတယ်။ ဒါပေမဲ့ အဲဒါကို အဖျော်ယမကာပြုလုပ်ဖို့ . . . ၊ ချက်ပြုတ်တဲ့အခါ အနံ့အရသာအနေနဲ့ထည့်ဖို့၊ မုန့်ဖို၊ မုန့်တိုက်တွေက ထုတ်လုပ်ထွက်ရှိတဲ့ မုန့်တွေကို အရောင်တင်ဖို့အတွက်လည်း အသုံးပြုကြပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



## COUNTRY THAT EATS THE MOST MEAT

Each person in the United States will eat about 264 pounds (120 kg) of meat this year. That's the same weight as 75 phone books. Beef is the most commonly eaten meat in the United States. Each American eats about 63 pounds (29 kg) per year. In fact, an average 44.5 million pounds (20.2 million kg) of beef are eaten in the United States each day. The most common way to eat beef is in the form of a hamburger or cheeseburger. More than 85% of U.S. citizens ate one of these fast food items last year. Chicken is the second most popular meat, with each American eating about 59 pounds (26.8 kg) per year.








## အသားအစားများဆုံးစားသောတိုင်းပြည်

အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းဟာ ဒီနှစ်မှာ အသား ၂၆၄ ပေါင် (၁၂၀ ကီလိုဂရမ်)ခန့် စားသုံးပါလိမ့်မယ်။ အဲဒီအလေးချိန်ဟာ တယ်လီဖုန်းလမ်းညွှန်စာအုပ် ၇၅ အုပ်ရဲ့ အလေးချိန်နဲ့ ညီမျှပါတယ်။ အမဲသားဟာ အမေရိကန်ပြည်ထောင်စုမှာ များသောအားဖြင့် အစားအများဆုံး အသား ဖြစ်ပါတယ်။ တစ်နှစ် ...တစ်နှစ်မှာ အမေရိကန်တစ်ယောက်ဟာ အမဲသား ၆၃ ပေါင် (၂၉ ကီလိုဂရမ်)ခန့်စားသုံးပါတယ်။ တကယ်တော့... ခန့်မှန်းခြေ အားဖြင့် အမဲသား ၄၄.၅ သန်းပေါင် (၂၉ ကီလိုဂရမ်)ကို အမေရိကန် ပြည်ထောင်စုမှာ နေ့စဉ်စားသုံးနေကြပါတယ်။ အမဲသားကို အများဆုံးစားသုံး ကြတဲ့ပုံစံကတော့ ဟမ်ဘာဂါနဲ့ ချိစ်ဘာဂါတို့ထဲမှာ ထည့်သွင်းစားသုံးခြင်းပါပဲ။ ပြီးခဲ့တဲ့နှစ်က အမေရိကန်နိုင်ငံသား ၈၅% ကျော်ကျော်ဟာ ဒီအမြန်စားသောက် လို့ရတဲ့ အမြန်ပြင်အစားအစာတွေထဲက တစ်ခုခုကို စားသုံးခဲ့ကြပါတယ်။ ကြက်သားကတော့ ဒုတိယလူကြိုက်အများဆုံးအသားဖြစ်ပါတယ်။ အမေရိကန် တစ်ယောက်ချင်းဟာ နှစ်စဉ်ကြက်သား ၅၉ ပေါင် (၂၆.၈ ကီလိုဂရမ်) စားသုံး ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



## COUNTRY THAT DRINKS THE MOST TEA

Each person in Ireland drinks an average of 1,184 cups of tea each year. This means that the country's population goes through about 44.9 billion cups or 2.8 billion gallons (10.6 billion l) annually. Not surprisingly, tea shops are common in Ireland. The three main types of tea sold in the country are black, green and oolong. Teas usually get their name from their color or place of origin. Green teas are mostly imported from China and Japan; black teas are from China, India, and Sri Lanka; and oolongs are mainly from Taiwan.








## လက်ဖက်ရည်အများဆုံးသောက်သောနိုင်ငံ

အိုင်ယာလန်နိုင်ငံက လူပုဂ္ဂိုလ်တစ်ယောက်ချင်းဟာ နှစ်စဉ်ပျမ်းမျှ လက်ဖက်ရည် ၁၁၈၄ ခွက်သောက်သုံးပါတယ်။ ဆိုလိုတာက တိုင်းပြည်တွင်း နေထိုင်ကြသူတွေဟာ နှစ်စဉ် လက်ဖက်ရည် ခွက်ပေါင်း ၄၄.၉ ဘီလျံ (သို့မဟုတ်) ၂.၈ ဘီလျံဂါလံ (၁၀.၆ ဘီလျံလီတာ)ကို သောက်သုံးကြပါတယ်။ အိုင်ယာလန်နိုင်ငံမှာ လက်ဖက်ရည်ဆိုင်တွေကို အများဆုံးတွေ့မြင်ကြရတာဟာ အံ့ဩဖွယ်ကောင်းတာတော့မဟုတ်ပါဘူး။ တိုင်းပြည်အတွင်း အဓိကရောင်းချတဲ့ လက်ဖက်ရည်သုံးမျိုးကတော့ ဘလက်၊ ဂရဲင်းနဲ့ အူလောင်းတို့ ဖြစ်ကြပါတယ်။ လက်ဖက်ရည်တွေဟာ သူတို့ရဲ့အရောင်၊ သူတို့ ပေါက်ရောက်ရာ မူရင်း အရပ်ဒေသတို့ပေါ်မူတည်ပြီး အမည်နာမ(တွေ)ကို ရရှိကြတာဖြစ်ပါတယ်။ ဂရဲင်းတီးကိုတော့ တရုတ်ပြည်နဲ့ဂျပန်ပြည်ကနေ အများဆုံးတင်သွင်းပါတယ်၊ ဘလက်တီးကိုတော့ တရုတ်ပြည်၊ အိန္ဒိယနဲ့ သီရိလင်္ကာတို့ကနေ တင်သွင်းပါတယ်။ အူလောင်းတွေကိုတော့ အဓိကအားဖြင့် တရုတ်(ထိုင်ဝမ်)ကနေ တင်သွင်းပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## COUNTRIES THAT EAT THE MOST POTATO CHIPS

People in the United Kingdom and the United States eat a lot of chips — each averaging about 6.8 pounds (3.1 kg) per capita each year. This means that each person snacks on almost 14 bag in just 12 months, and some 8,500 million packages are sold each year! Better known as "crisps" in the United States, potato chips were first served in 1853 at a lodge in Saratoga Springs, New York. It takes about 10,000 pounds (4,540 kg) of potatoes to make 3,500 pounds (1,589 kg) of chips.








## အာလူးကြော်အများဆုံးစားသောနိုင်ငံများ

ဗြိတိန်နိုင်ငံ (ယူကေ)နဲ့ အမေရိကန်ပြည်ထောင်စုက လူတွေဟာ အာလူးကြော် အများအပြားစားပါတယ်။ နှစ်စဉ်လူတစ်ဦးချင်းအနေနဲ့ ပျမ်းမျှ ၆.၈ ပေါင် (၃.၁ ကီလိုဂရမ်) စားပါတယ်။ ဆိုလိုတာက လူပုဂ္ဂိုလ်တစ်ဦးချင်းဟာ ၁၂ လအတွင်းမှာ အာလူးကြော် ၁၄ အိတ်နီးပါး အဆာပြေစားပါတယ်။ ပြီးတော့ နှစ်စဉ် အာလူးကြော်အထုပ်ပေါင်း ၈၅၀၀ သန်းရောင်းချရပါတယ်။ "crisps" ကြွပ်ကြွပ်ကလေးလို့ ပိုပြီးသိကြတဲ့ အာလူးကြော်ကို အမေရိကန်ပြည်ထောင်စုမှာ ၁၈၅၃ ခု၊ နယူးယောက်မြို့ ဆာရာတို ဂါစပရင်းက လော့ချ်တစ်ခုမှာ စတင် တည်ခင်းဧည့်ခံခဲ့ပါတယ်။ အာလူးကြော် ၃၅၀၀ ပေါင် (၁,၅၈၉ ကီလိုဂရမ်) ရဖို့အတွက် အာလူးပေါင် ၁၀,၀၀၀ (၄,၅၄၀ ကီလိုဂရမ်) အသုံးပြုရပါတယ်။







www.burmeseclassic.com

www.burmeseclassic.com



## COUNTRY THAT EATS THE MOST ICE CREAM

Each year, the per capita consumption of ice cream in Australia is 29.2 pints (13.8 l). That averages to about 2.28 billion scoops of this frozen favorite for the nation. That means each person would have to eat about one cup a week during the entire year. Frozen desserts date back to the Roman Empire when people mixed mountain ice with fruit. Ice cream became popular in France, England, and the United States in the eighteenth century. The ice-cream cone was invented in 1904. Today, ice-cream sales total billions of dollars throughout the world.







## ရေခဲမုန့်အများဆုံးစားသောတိုင်းပြည်

ဩစတြေးလျမှာနှစ်စဉ် လူတစ်ဦးချင်း ရေခဲမုန့်စားသုံးမှုနှုန်းဟာ ၂၉.၂ ပိုင့် (၁၃.၈ လီတာ) ရှိပါတယ်။ အဲဒီနှုန်းဟာ တစ်နိုင်ငံလုံးအနေနဲ့ဆိုရင် ပျမ်းမျှ ရေခဲမုန့်ခပ်ဂေါ် ၂.၂၈ ဘီလျံဂေါ်စာ ရှိပါတယ်။ ဆိုလိုတာက လူပုဂ္ဂိုလ်တစ်ဦးချင်းဟာ တစ်နှစ်တာ ကာလပတ်လုံးအတွင်း တစ်ပတ်မှာ ရေခဲမုန့်တစ်ခွက် စားသုံးတယ်ဆိုတဲ့ သဘောပါပဲ။ အေးခဲထားတဲ့ အချိုပွဲရေခဲမုန့်ဟာ . . လူတွေက တောင်ပေါ်ကရေခဲကို သစ်သီးနဲ့ရောနှော (သုံးဆောင်)တဲ့ ရောမအင်ပါယာ ခေတ်ကတည်းက စတင်ပါတယ်။ ရေခဲမုန့်ဟာ ပြင်သစ်၊ အင်္ဂလန်နဲ့ အမေရိကန် ပြည်ထောင်စုတို့မှာ ၁၈ ရာစုနှစ်အတွင်း စတင်ပြီးလူကြိုက်များ ရေပန်းစားလာပါတယ်။ လုံးချွန်းရေခဲမုန့်ကတော့ပုံကို ၁၉၀၄ ခုနှစ်မှာ တီထွင်ပြုလုပ်ခဲ့ပါတယ်။ ဒီနေ့ဒီခေတ်မှာတော့ ကမ္ဘာတစ်လွှားရေခဲမုန့်ရောင်းရငွေ စုစုပေါင်းဟာ ဒေါ်လာ ဘီလျံပေါင်းများစွာရှိပါတယ်။



www.burmeseclassic.com



## COUNTRY THAT CONSUMES THE MOST SOFT DRINKS


Americans have an annual per capita soft drink consumption of 377.9 pints (178.7 l). This means that each person in the country drinks an average of 504 cans of soda each year. Soda accounts for about 25% of all drinks consumed in the United States, and some 15 billion gallons (56.8 billion l_) are sold annually. Recent studies show that diet sodas, as well as flavored sodas such as cherry, orange, and root beer, are becoming more popular than colas. The country's three top-selling soft-drink companies are the Coca-Cola Company, PepsiCo Inc., and Dr. Pepper/ 7 Up.





## အချိုရည်အသောက်သုံးဆုံးတိုင်းပြည်

အမေရိကန်လူမျိုးတွေမှာ တစ်ဦးချင်း နှစ်စဉ်အချိုရည်သောက်သုံးမှုဟာ ၃၇၇.၉ ပိုင့် (၁၇၈.၇ လီတာ) ရှိပါတယ်။ ဆိုလိုတာက တိုင်းပြည်အတွင်းရှိ လူပုဂ္ဂိုလ်တစ်ဦးချင်းဟာ နှစ်စဉ် ••• အချိုရည် ၅၀၄ဘူး သောက်သုံးပါတယ်။ အချိုရည်သောက်သုံးမှုဟာ အမေရိကန်ပြည်ထောင်စုမှာ သောက်သုံးတဲ့ သောက်ဖွယ်ရာအားလုံး ရဲ့ ၂၅% ရှိ(တယ်လို့ စာရင်းပေါက်)ပါတယ်။ ပြီးတော့ နှစ်စဉ် အချို ရည် ၁၅ ဘီလျံဂါလံ (၅၆.၈ ဘီလျံလီတာ) ခန့်ရောင်းချရပါတယ်။ မကြာသေးမီကမှ ကောက်ယူထားတဲ့လေ့လာမှုများအရ ဓာတ်စာအဖြစ်သုံးတဲ့ အချိုရည်ရော၊ ချယ်ရီရည်၊ လိမ္မော်ရည်နဲ့ မြစ်ဥအချိုရည် တွေလို အနံ့သတ်ထားတဲ့ ရသာအချိုရည်တွေပါ ••• ကိုလာအဖျော်ရည်တွေထက် ပိုပြီး လူကြိုက်များလာနေကြပါတယ်။ တိုင်းပြည်ရဲ့အချိုရည် အရောင်းရဆုံး ထိပ်တွာန်း ကုမ္ပဏီကြီးတွေကတော့ ကိုကာကိုလာကုမ္ပဏီ၊ ပက်ပစီကုမ္ပဏီနဲ့ ဒေါက်တာ ပက်ပါ၊ ဆဲဗင်းအပ်ပ်တို့ ဖြစ်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



## COUNTRY THAT EATS THE MOST FISH

Per capita fish consumption in the Maldives averages 353.2 pounds (160.2 kg) each year. This means that all together, the population on this small nation of islands in the north Indian Ocean eats about 110 million pounds (50 million kg) of fish each year. Because the country consists of more than 1,000 coral islands, it makes sense that fishing is one of the top sources of food and income for the people living there. In additon to harvesting fish, Maldivians also eat corn and grains.







## ငါးအများဆုံးစားသောတိုင်းပြည်

မော်လဒိုက်မှာ နှစ်စဉ်လူတစ်ဦးချင်း ငါးစားသုံးမှုဟာ ပျမ်းမျှ ၃၅၃.၂ ပေါင် (၁၆၀.၂ ကီလိုဂရမ်)ရှိပါတယ်။ ဆိုလိုတာက.. မြောက်အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ကျွန်းကလေးတွေစုထားတဲ့... ဒီ ကျွန်းစုနိုင်ငံလေးရဲ့ လူဦးရေစုစုပေါင်းရဲ့ ငါးစားသုံးမှုဟာ ပေါင်သန်းပေါင်း ၁၁၀ (ကီလိုဂရမ် ၅၀) ခန့်ရှိပါတယ်။ အဲဒီနိုင်ငံမှာ သန္တာကျွန်းကလေးပေါင်း ၁၀၀၀ ကျော်ပါဝင်တဲ့အတွက် ငါးဖမ်းခြင်းဟာ အဲဒီမှာနေထိုင်တဲ့ လူတွေအဖို့ အစားအသောက်နဲ့ ဝင်ငွေအတွက် ထိပ်ဆုံး (အရေးကြီးဆုံး) အခြေခံအရင်းအမြစ်ဖြစ်တယ်ဆိုတာ သဘောပေါက်ကြပါတယ်။ ငါးဖမ်းပြီးစားသုံးတဲ့အပြင် မော်လဒိုက်တွေဟာ ပြောင်းနဲ့ ဂျုံစေ့ကိုလည်း စားသုံးကြပါတယ်။






www.burmeseclassic.com